မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေ့ရောညဥ့်ပါ အခါခပ်သိမ်း မေတ္တာတရားပွားများခြင်း၌ မွေ့လျော်သော စိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၄)၊ အမှတ်(၁၀၅)
၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁ ရက်၊ ကြာသပတေးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)ကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)ကို ဇူလိုင်လ ၃၁ ရက်၊ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ယာယီသမ္မတ ဦးမြင့်ဆွေသည် လက်ရှိကျန်းမာရေးအခြေအနေအရ ဆေးခွင့်ယူ၍ ဆေးကုသမှုခံယူနေသဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များကို လိုအပ်သလိုဆက်လက်ဆောင်ရွက်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ယာယီသမ္မတတာဝန်ဝတ္တရားများကို လွှဲပြောင်းအပ်နှံခဲ့သောကြောင့် အစည်းအဝေးသို့ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန

**စာမျက်နှာ ၁၆ ကော်လံ ၁ ★**



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁ ရက်)

# ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေးသည် လူတိုင်းအတွက်မရှိမဖြစ်လိုအပ်သလို ကျန်းမာရေးကောင်းမွန်ရန်အတွက် ကျန်းမာရေးအသိပညာမြင့်မားနေရန်လည်း လိုအပ်လှသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတကာနှင့်ဒေသတွင်းနိုင်ငံများ၏ တိုးတက်ပြောင်းလဲနေသော သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို မြန်မာနိုင်ငံ၏ဆေးပညာနှင့်ဆေးပညာနှီးနွှယ်ပညာရပ်များ၏သင်ကြားရေးတွင် လိုက်လျောညီထွေကျင့်သုံးနိုင်ရေးနှင့်သင်ကြားရေးစနစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲများကို ကျင်းပဆောင်ရွက်ခြင်းဖြစ်သည်။ လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အကောင်အထည်ဖော်ရာတွင် အခြေခံအကျဆုံး၊ အရေးအကြီးဆုံးနှင့်စိန်ခေါ်မှုအမြင့်မားဆုံးကိစ္စရပ်မှာ အရည်အသွေးပြည့်ဝသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ လုံလောက်စွာမွေးထုတ်ခန့်ထားရေးဖြစ်သည်။

ကမ္ဘာ့နိုင်ငံတိုင်းသည် ၎င်းတို့နိုင်ငံ၏ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်အပေါ် မူတည်၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရေး မဟာဗျူဟာစီမံကိန်းများနှင့်အညီ မိမိတို့နိုင်ငံ၏ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ရည်ရွယ်မွေးထုတ်ကြခြင်းဖြစ်သည်။ သို့သော်တိုးပွားလာသောလူဦးရေနှင့် လုံလောက်စွာမွေးထုတ်နိုင်ခြင်းမရှိသည့်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျန်းမာရေးလူ့စွမ်းအားများကိုခေါ်ယူခန့်ထားနေကြသည်ဖြစ်၍ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျန်းမာရေးလူ့စွမ်းအားမလုံလောက်မှုများကို ပိုမိုရင်ဆိုင်နေကြရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍမြင့်မားရေးကို ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွက် လိုအပ်သောကျန်းမာရေးလူ့စွမ်းအားများကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးလူ့စွမ်းအားများတိုးမြှင့်မွေးထုတ်နိုင်ရန်အတွက် ဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်/သင်တန်းကျောင်းများကို စဉ်ဆက်မပြတ်တိုးချဲ့ဖွင့်လှစ်လျက်ရှိသည်။ ယနေ့အချိန်အခါတွင် ဆေးတက္ကသိုလ်နှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ်ပေါင်း ၁၇ ခုနှင့် သူနာပြု/သားဖွား/နှီးနွှယ်သင်တန်းကျောင်းပေါင်း ၅၃ ကျောင်းအထိရှိနေပြီဖြစ်သည်။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ရာတွင် တက်ရောက်လိုသူအရေအတွက်ရရှိရေးအခက်အခဲမရှိသော်လည်း လေ့ကျင့်ပြုစုပျိုးထောင်ရာတွင်စိန်ခေါ်မှုများရှိနေသေးကြောင်း သိရှိရသည်။

လူတိုင်းလက်လှမ်းမီကျန်းမာရေးစောင့်ရှောက်မှုစနစ်ဖော်ဆောင်ရန်မှာ ကျန်းမာရေးဝန်ဆောင်မှုပေးကြမည့်လူ့စွမ်းအားများ၏အရေအတွက်သာမက အရည်အသွေးပြည့်မီစေရေးကိုလည်း အထူးသတိပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ ပုံစံအမျိုးမျိုးဖြင့် လေ့ကျင့်သင်ကြားပေးသကဲ့သို့ ပိုမိုကောင်းမွန်သောလေ့ကျင့်သင်ကြားရေးနည်းစနစ်များဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ်လေ့လာကြိုးပမ်းအားထုတ်လျက်ရှိသည်။ အရည်အသွေးပြည့်မီသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များသင်ကြားမွေးထုတ်ရာတွင် အကောင်းဆုံးနည်းလမ်းမှာ ရလဒ်အခြေပြုဆေးပညာသင်ကြားရေးစနစ်ဖြစ်ကြောင်း နိုင်ငံတကာမှ တညီတညွတ်တည်း စံတစ်ခုအဖြစ်ကျင့်သုံးလျက်ရှိသည်။

ရလဒ်အခြေပြုဆေးပညာသင်ကြားရေးစနစ်ဆိုသည်မှာ ပြည်သူလူထုအား ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် ကျန်းမာရေးစွမ်းအားစုများတွင်ရှိရမည့် လိုအပ်သောစွမ်းရည်များကိုဖော်ထုတ်လျက် ၎င်းစွမ်းရည်များပြည့်မီစေရေးဦးတည်လေ့ကျင့်ပေးခြင်းပင်ဖြစ်သည်။ ၂၁ ရာစုပညာရေးတွင် ဝေဖန်ပိုင်းခြား၍ တီထွင်ကြံဆမှုကိုမြှင့်တင်သင်ကြားစစ်ဆေးသော သင်ကြားသင်ယူမှုစနစ်များကို ပြောင်းလဲကျင့်သုံးရမည်ဖြစ်သည်။ လက်တွေ့နယ်ပယ်တွင် အမှန်တကယ်ကြုံတွေ့ရမည့် စစ်မှန်သောပြဿနာများကိုချဉ်းကပ်၍ အုပ်စုဖွဲ့သင်ယူလေ့လာဖြေရှင်းနည်းများကို အလေးပေးလာပြီဖြစ်သည်။ ဆေးပညာသင်ကြားရေးတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လိုအပ်သောလက်တွေ့လေ့ကျင့်ခန်းများကို လူနာများအပေါ် အန္တရာယ်ကျရောက်စေမှုမရှိဘဲ ကြိမ်ဖန်များစွာလေ့ကျင့်နိုင်ရေးအတွက် အဆင့်မြင့်နည်းပညာဖြင့်ဖန်တီးထားသောလူနာအတုများကို တွင်ကျယ်စွာအသုံးပြုနေကြပြီဖြစ်သည်။

တိုးတက်ပြောင်းလဲလာသော ဆေးပညာသင်ကြားရေးစနစ်များကို နိုင်ငံတကာနှင့်နည်းတူ မြန်မာနိုင်ငံတွင်လည်းမြှင့်တင်ပြောင်းလဲကျင့်သုံးနိုင်စေရန်အတွက် ဆေးပညာနှီးနှောဖလှယ်ပွဲများကျင်းပ၍ တိုင်ပင်ဆွေးနွေးမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သည်။ ယခု (၁၁) ကြိမ်မြောက် ဆေးပညာနှီးနှောဖလှယ်ပွဲကြီးကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင်ကျင်းပခဲ့ပြီးဖြစ်ပါသည်။ အခြေခံပညာရေးတွင်ကျင့်သုံးလျက်ရှိသော KG+12 သင်ရိုးညွှန်းတမ်းနှင့်လိုက်လျောညီထွေစွာဖြင့် ဆေးနှင့်ဆေးပညာနှီးနွှယ်ပညာရပ်များ၏သင်ရိုးညွှန်းတမ်းများကို ပြင်ဆင်မွမ်းမံနိုင်ရေးကိစ္စရပ်များ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဘွဲ့ကြို/ဘွဲ့လွန်ပညာရပ်များ၏ရလဒ်အခြေပြုသင်ရိုးညွှန်းတမ်းများ မွမ်းမံပြင်ဆင်နိုင်ရေးကိစ္စရပ်များကို အဓိကဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ အနှစ်ချုပ်ဆိုရသော် ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး ပိုမိုမြှင့်တင်ဆောင်ရွက်ခြင်းကိုကြိုဆိုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ညောင်ဦး၊ သာသနာရေး

# ပုဂံမြို့ဟောင်း ထီးလိုမင်းလိုဂူဘုရားကြီးအတွင်းရှိ ဆင်းတုတော်ကိုးဆူအား ရွှေသင်္ကန်းစတင်ကပ်လှူပူဇော်

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်း ထီးလိုမင်းလိုဂူဘုရားကြီး အထက်ပစ္စယံရှိ ထိုင်တော်မူဆင်းတုတော်လေးဆူနှင့် အောက်ပစ္စယံရှိ ထိုင်တော်မူဆင်းတုတော်လေးဆူ၊ မတ်ရပ်တော်ဆင်းတုတော်တစ်ဆူတို့အား ဇူလိုင်လ ၃၁ ရက် နံနက်ပိုင်းတွင် ရွှေသင်္ကန်းစတင်ကပ်လှူပူဇော်နေပြီဖြစ်ကြောင်း သိရသည်။

ထီးလိုမင်းလိုဂူဘုရားကြီးအတွင်းရှိ ဆင်းတုတော်ကိုးဆူအား ရွှေသင်္ကန်းကပ်လှူပူဇော်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ညောင်ဦးခရိုင် သာသနာရေးမှူး ဦးနေလင်းသိန်းနှင့်ဝန်ထမ်းများ၊ ထီးလိုမင်းလိုဂူဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးတင်လှဦးနှင့်အဖွဲ့ဝင်များက စတင်၍ရွှေသင်္ကန်းကပ်လှူပူဇော်ကြကြောင်းသိရသည်။

**ဒီပါလင်း**

နတ်မောက်၊ ကျန်းမာရေး

# နတ်မောက်မြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောပွဲဆောင်ရွက်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောပွဲဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင်လ ၃၁ ရက်တွင် အခြေခံပညာအလယ်တန်းကျောင်း (တမာပင်)၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျန်းမာရေးစစ်ဆေးခြင်းနှင့်အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ အရပ်အမြင့်ပေတိုင်းတာခြင်းများဆောင်ရွက်ပေးပြီး သန်ချဆေးများတိုက်ကျွေး၍ ကျန်းမာရေးစစ်ဆေးခြင်းများပြုလုပ်ကာ ကျန်းမာရေးအတွက် လိုအပ်သည့်ဆေးဝါးများတိုက်ကျွေးပေးသည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဆရာမဒေါ်ခင်စန်းတင့်က မိုးရာသီတွင်ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာများကို အခြေခံပညာအလယ်တန်းကျောင်း( တမာပင်)ရှိ ကျောင်းသား၊ ကျောင်းသူများအား ဟောပြောဆွေးနွေးပြီး ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်ပေးကြောင်း သိရသည်။

**မူမူစန်း**


## Myawady Digital Set Top Box

## ထုတ်နတ်ရှုမြင်အစီအစဉ်

၁-၈-၂၀၂၄(ကြာသပတေးနေ့)

**မြဝတီရုပ်မြင်သံကြား**

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၅ ဓမ္မပူဇာတေး
၃။ ၇း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၇း၅၀ မြန်မာ့ရှုခင်း
၅။ ၈း၃၅ သုတရသစုံလင်ဗဟုသုတပုံပြင်
၆။ ၉း၁၅ ကျန်းမာသုတ
၇။ ၁၁း၁၅ ပြည်သူကြားက ပြည်သူ့စကား
၈။ ၁၁း၅၅ သီချင်းလက်ဆောင်
၉။ ၁၃း၁၀ အမှတ်တရနေ့ရက်များ
၁၀။ ၁၇း၅၀ စာဆိုစစ်သည်ကလောင်ရှင်များ
၁၁။ ၁၉း၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း စိတ်ကောင်းရှိဖို့က ပထမ သရုပ်ဆောင် အောင်ပြည့်လျှံ၊ ရွှေဘုံသာ ဒါရိုက်တာ ဇော်မိုးထွေး**

**MWD Variety Channel**

၁။ ၉း၃၀ ကမ္ဘာတစ်ခွင် မှတ်တမ်းဝင်
၂။ ၁၀း၅၀ စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူထုတ်လုပ်စို့
၃။ ၁၁း၄၈ ကြယ်ပွင့်များရဲ့ ခြေလှမ်းသစ်
၄။ ၁၂း၃၃ လောကကိုအလှဆင် ပန်းတို့ဥယျာဉ်
၅။ ၁၄း၄၁ The Beautiful Land
၆။ ၁၆း၁၅ အားကစားနည်း သမိုင်းကြောင်း



မြဝတီ နေ့စဉ် The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ် ၄၄ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)
**တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်အေးအေးမော် | ကချင်ပြည်နယ်တရားလွှတ်တော် |
| (၂) | ဒေါ်မိမိစိန် | စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် |
| (၃) | ဒေါက်တာဇော်ဝင်းထွန်း | ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် |
| (၄) | ဒေါက်တာအောင်သီဟ | မွန်ပြည်နယ်တရားလွှတ်တော် |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၃၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး မစ္စတာ အလက်စ်ဇန်းဒါး ဆာဂီးဗစ်ရှုတီရော့ဗ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ဓာတ်သတ္တုတူးဖော်ရေးနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဆရာဝန်(သစ်လွင်) ၅၈၁ ဦးအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိများအဖြစ် တာဝန်ပေးအပ်

**နေပြည်တော် ဇူလိုင် ၃၁**

ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိများအဖြစ် တာဝန်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ MICC-II ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းတက်ရောက်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ပံ့ပိုးမှုနှင့်အတူ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုအခြေအနေကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ပြီး လုပ်ငန်းစီမံချက်များရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကာလတို/ကာလလတ်/ကာလရှည် ဦးတည်ချက်များချမှတ်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ **နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များဖြစ်သည့် "ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ လူ့အသက်ထက် အရေးကြီးတာမရှိ၊ ဆေးရုံတိုင်း ဆရာဝန်ရှိရမည်" စသည့် မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို ပြည့်ဝစွာခန့်ထားနိုင်ရေး နှစ်စဉ်လေ့ကျင့်သင်ကြားမွေးထုတ်ပေးလျက်ရှိကြောင်း၊** စိတ်ဓာတ်ကြံ့ခိုင်ပြီး သမားဂုဏ်၊ ဆေးပညာကျင့်ဝတ်တို့နှင့်အညီ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အာရုံစူးစိုက်၍ Professional ပီပီသသဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ်တစ်ခုချင်းအလိုက် ကိုယ်စားပြုဆရာဝန်(သစ်လွင်)များကို ခန့်အပ်လွှာများပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ဆရာဝန်(သစ်လွင်)များနှင့်အတူ လက်ဖက်ရည်ပွဲကို အတူတကွသုံးဆောင်ကြသည်။

အဆိုပါအခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်ခြင်းခံရသော ဆရာဝန်(သစ်လွင်) ၅၈၁ ဦးတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆရာဝန်(သစ်လွင်)များကို ဆေးကုသမှုအတွေ့အကြုံများ ပိုမိုလေ့လာဆည်းပူးနိုင်စေရန်နှင့် ပြည်သူလူထုဆေးကုသမှုလုပ်ငန်းများ ပိုမိုအထောက်အပံ့ဖြစ်စေရန် ဗဟိုအဆင့်ပြည်သူ့ဆေးရုံကြီးများနှင့် ပြည်နယ်/တိုင်းဒေသကြီးများရှိ ပြည်သူ့ဆေးရုံကြီးများတွင် တာဝန်ချထားခဲ့ကြောင်းနှင့် ဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(ခ) စာမေးပွဲများအောင်မြင်ပြီး အလုပ်သင်ဆရာဝန်များအဖြစ် သက်ဆိုင်ရာသင်ကြားရေးဆေးရုံကြီးများတွင် တာဝန်ထမ်းဆောင်နေသူ ၁၂၇၅ ဦးရှိကြောင်း သတင်းရရှိသည်။

**(၅၀၀)**

## ဥတုသာစေ မြန်မာပြည်

➢ ရေမြေလေထု၊ ပေါင်းဖွဲ့စုသည့်
ဤလူ့ဘုံရွာ၊ တို့ကမ္ဘာသည်
သတ္တဝါအလီလီ၊ ပူအေးညီလျက်
ရာသီမျှတ၊ စိမ်းကြည်မြအောင်
ကောင်းလှဥတု၊ ဖန်တီးပြုကာ
ထုဆစ်ဖော်လာ နှစ်များစွာ။

➢ ယနေ့ချိန်ခါ၊ ဖြစ်တည်လာသော
ကမ္ဘာဝန်းကျင်၊ မျက်နှာပြင်ကား
စက်ယာဉ်မြောက်မြား၊ ဓာတ်ငွေ့များနှင့်
လျှော့ပါးတောထု၊ ပါးလွှာမှုကြောင့်
ဥတုဖောက်ပြန်၊ ပူနွေးဒဏ်ဖြင့်
သင့်ပြန်ဘေးသွယ် စိုးရွံ့ဖွယ်။

➢ သဘာဝဘေး၊ ကင်းပအေးလျက်
မနှေးတစ်ဖန်၊ ဥတုမှန်အောင်
ခုခံလှန်တွန်း၊ ကမ္ဘာဝန်းလုံး
ဖြစ်ထွန်းစည်သာ၊ ဘေးရန်ကွာပြီး
ဂေဟာစနစ်မျိုး၊ ပြန်ပြည့်ဖြိုးရန်
ပင်မျိုးစုံစွာ စိုက်ကြပါ။

➢ ကမ္ဘာတစ်ဝန်း၊ သစ်တောစွမ်းဖြင့်
ပွင့်လန်းဝေဆာ၊ ဖူးပွင့်သာ၍
ရိပ်ဖြာအေးချမ်း၊ ဘေးမသန်းအောင်
ပွင့်ပန်းမှစ၊ ရိပ်လည်းရသည့်
သစ်လှမျိုးဖုံ၊ နှစ်ရှည်စုံလည်း
သင်းထုံမွှေးဖို့ စိုက်ကြစို့။

➢ ဩော်
"ဥတုရာသီ တောကိုမှီ"မို့
စိမ်းညီတောမြိုင်၊ သစ်တောလှိုင်အောင်
ဇွန်ဇူလိုင်လ၊ မိုးဖွဲ့ကျသည့်
သင့်လှ၍ခါ၊ ပွဲတော်သာတွင်
ညီညာပေါင်းစု၊ စိုက်ပျိုးမှုကြောင့်
ဥတုသာစေ မြန်မာပြည်။
တောင်းဆုခြွေပေ စိမ်းပါစေ။
ကောင်းမှုဖြာဝေ ဘေးဘယာသွေ။ ။

**ကြေးမုံဖြိုးသန့်(ရွှေရတု)**

# ရေချိုကိုတန်ပိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

**ယမန်နေ့မှအဆက်**

ရေစတင်သိုလှောင်မည့်ရက်နှင့် သိုလှောင်ပြီးပါက ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ စက်တပ်ဆင်မှု၊ ဓာတ်အားခွဲရုံတည်ဆောက်မှုလုပ်ငန်းလျာထားချက်များကို လုပ်ငန်းစခန်းတွင် ဥရောပပညာရှင်များ၊ တရုတ်ပညာရှင်များ၊ စီမံကိန်းဝန်ထမ်းများနှင့်ပါ အကျေအလည်ဆွေးနွေးသည်။ ရေစတင်သိုလှောင်ခြင်းကို ဒီဇင်ဘာလအစား ဖေဖော်ဝါရီလခန့်ထိ နှစ်လခန့်နောက်ဆုတ်၍ရနိုင်၊ မရနိုင် ဆွေးနွေးသည့်အခါ အားလုံးက ရနိုင်ကြောင်း သဘောတူကြသည့်အတွက် ရေလွှဲဥမင်လိုဏ်ဂိတ်ပိတ်၍ ရေစတင်သိုလှောင်မှုကို ၂၀၁၄ ခုနှစ် မတ်လ ၂ ရက် တောင်သူလယ်သမားနေ့သို့ ရွှေ့လိုက်သည်။

တစ်ဖက်ကလည်း ရွာသားများ၏လယ်ယာများ ရိတ်သိမ်းသယ်ယူမှုမြန်ဆန်စေရေး ဌာနပိုင်ယာဉ်များဖြင့် ရွာအလိုက်ခွဲ၍ ကူညီခဲ့ရာ ဖေဖော်ဝါရီလထဲတွင် ရိက္ခာများအားလုံး ဆိုင်ရာဆိုင်ရာနေရာသစ်အသီးသီးသို့ ရောက်သွားတော့သည်။ လယ်ယာထွက်ကုန်များသည် စုစုပေါင်းတန် ၉၀၀၀၀ ခန့်အထိ များပြားခြင်းနှင့် နေရာပြန့်ကျဲနေခြင်း၊ တောင်ပေါ်ရာသီဥတုဖြစ်၍ မိုးကလည်း မကြာမကြာရွာတတ်ခြင်းတို့ကြောင့် ကားဖြင့်သယ်ရန်ခက်ခဲပါက ထော်လာဂျီ၊ လှည်းများ၊ စက်လှေများဖြင့် ဌာနမှစရိတ်ကျခံ၍ ရွှေ့ပြောင်းပေးခဲ့သည်။ ကျေးရွာများပြောင်းရွှေ့မှုမြန်ဆန်စေရေး ဌာနမှ ခုနစ်တန်နှင့်အထက်ယာဉ်ကြီး စုစုပေါင်း ၅၉ စီးအထိ သုံးစွဲခဲ့သည်။



ကောက်ပဲသီးနှံများ အချိန်မီသယ်ယူပေးစဉ်



ကောက်ပဲသီးနှံများ အချိန်မီသယ်ယူပေးစဉ်

ထောက်ပံ့ကြေးကိစ္စများ ဖော်ပြပါဦးမည်။

အိမ်ဟောင်းအမျိုးအစားများကို မှတ်တမ်းတင်ထားပြီးဖြစ်ရာ အိမ်အားလုံးကို အသေးစိတ်ဓာတ်ပုံနှင့် မှတ်ချက်များ တိုက်ဆိုင်ကြည့်သည်။ အတန်းအစားမတူ အိမ်ပုံစံ ခုနစ်မျိုးရေးဆွဲသည်။ ရေးဆွဲသည့်ပုံစံ ခုနစ်မျိုးကို တစ်ခုချင်းစီအတွက် အသစ်ဆောက်လုပ်မှုအဖြစ် ဒေသပေါက်ဈေးဖြင့် ကုန်ကျစရိတ်တွက်ချက်သည်။ ပင်လောင်း၊ ရမည်းသင်း၊ တပ်ကုန်းမြို့တို့နှင့် အနီးဆုံးဖြစ်၍ ယင်းမြို့နယ်များအတွက် အုပ်ချုပ်ရေးအဖွဲ့များမှ အတည်ပြုထားသော ဒေသပစ္စည်းနှင့် လုပ်အားခဈေးနှုန်းများကို အခြေခံတွက်ချက်သည်။

အဆိုပါအိမ်ပုံစံခုနစ်မျိုးအတွက် ကုန်ကျစရိတ်ခုနစ်မျိုးဖြင့် ရွာသားများအား ထောက်ပံ့သည်။ ရွာဟောင်းများရှိစုရပ်များတွင် ထောက်ပံ့ကြေးပေးအပ်သည်။ ကျေးရွာဘုန်းတော်ကြီးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအရာရှိများ၏ ရှေ့မှောက်တွင် အပ်နှင်းသည်။ အဆိုပါထောက်ပံ့ငွေပေးအပ်ပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်တစ်ဦး၊ ဖယ်ခုံမြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ပအိုဝ်းဒေသမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ပင်လောင်းမြို့နယ်မှ သက်ဆိုင်သည့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (နောင်တွင် ညွှန်ကြားရေးမှူးချုပ်) နှင့် ဌာနညွှန်ကြားရေးမှူးများလည်း စုံညီစွာတက်ရောက်ကြသည်။

ထောက်ပံ့ငွေကို အိမ်ဟောင်းများမဖျက်မီ ထက်ဝက်ပေးချေပြီး အိမ်ဟောင်းများ အားလုံးဖျက်သိမ်း၍ နေရာသစ်သို့ အားလုံးရောက်ရှိစုပုံပြီးချိန်တွင် (အိမ်သစ်မဆောက်ရသေးမီ) ကျန်ငွေထက်ဝက်ကို ပေးချေသည်။

ရေလှောင်ကန်ကြောင့် သက်ရောက်ခဲ့သော ကိစ္စရပ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ရေလှောင်ကန်ကြောင့် သက်ရောက်ခဲ့သော ကိစ္စရပ်များ

| | | |
|---|---|---|
| - အိမ်ထောင်စု | ၂၅၂၄ | စု |
| - အိမ်ခြေ | ၂၄၈၇ | လုံး |
| - လူဦးရေ | ၉၇၅၅ | ဦး |
| - လယ် | ၂၈၈၄. ၆ | ဧက |
| - ယာ | ၆၂၁. ၇၆ | ဧက |
| - ကိုင်း | ၅၂၅. ၉၀ | ဧက |
| - ဥယျာဉ် | ၃၀. ၀၄ | ဧက |
| - အုန်း၊ ထန်း၊ ကွမ်းသီးပင် | ၁၂၁၉၄ | ပင် |
| - သရက်၊ပိန္နဲ၊ တညင်း၊ရှောက်၊ ထောပတ်၊မန်ကျည်း | ၁၅၈၃ | ပင် |
| - မာလကာ၊ ဩဇာနှင့်တခြား | ၁၉၀၆ | ပင် |

လယ်၊ ယာ၊ ကိုင်း၊ ဥယျာဉ်ခြံပိုင်ဆိုင်မှုမရှိသော ဈေးဆိုင်များအတွက်ပါ မနစ်နာစေရန် နှုန်းထားညှိနှိုင်း၍ ထောက်ပံ့ခဲ့သည်။

အိမ်ရာများအတွက် ထောက်ပံ့ကြေးတွက်ချက်ရာတွင် ဒေသပေါက်ပစ္စည်းဈေးနှုန်းနှင့် ဒေသပေါက် လုပ်အားခဈေးနှုန်းကိုအခြေခံပြီး ပေးလျော်ရသည်မှာ အခက်အခဲမရှိပါ။

သို့သော် လယ်၊ ယာ၊ ကိုင်း၊ ဥယျာဉ်ခြံနှင့်တကွ တခြားနှစ်ရှည်ပင်မျိုးစုံကို ဈေးနှုန်းသတ်မှတ်ရေးကိစ္စမှာ ခက်ခဲသည်။ ဒေသပေါက်ဈေးရှိသည်ဟုဆိုသော်လည်း ဒေသကွဲလွဲမှု၊ မြေအခြေအနေကွဲလွဲမှု၊ အပင်အရွယ်အစား ကွဲလွဲမှုမျိုးစုံကြောင့် ပေါက်ဈေးတစ်ပြေးညီသတ်မှတ်ရန် ခက်ခဲခဲ့သည်။ ယခင် နိုင်ငံတော်မှဆောင်ရွက်ခဲ့သော တခြားစီမံကိန်းများနှင့် နှိုင်းယှဉ်စဉ်းစားသော်လည်း ကာလမတူ၊ ဒေသမတူ၊ အခြေအနေမတူညီမှုများကြောင့် စံထားရန်အခက်အခဲရှိခဲ့သည်။



ကျေးရွာများပြောင်းရွှေ့ဆဲ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးစဉ်

နောက်ဆုံးတွင် ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာအဆင့် တာဝန်ရှိသူများ၊ ရွာသူရွာသားများနှင့် ညှိနှိုင်းအဖြေရှာပြီးသာ ဆောင်ရွက်ရတော့သည်။ ရွာသူရွာသားများ၏ ရိုးသားမှုကြောင့်လည်း လုပ်ငန်းများ အောင်မြင်ခဲ့သည်။

ဤသို့ လျော်ကြေး၊ ထောက်ပံ့ကြေးများပေးအပ်ဆဲ၊ အိမ်ရာများ ဆောက်လုပ်ဆဲတွင် ပြည်တွင်းမီဒီယာတချို့နှင့် ပြည်ပမီဒီယာတချို့၏ ထိုးနှက်တိုက်ခိုက်မှုများကိုလည်း မျိုးစုံကြုံရသည်။

**ဆက်လက်ဖော်ပြပါမည်။**

**ရန်ကုန်၊ စီးပွားရေး**

# ရန်ကုန်မြို့ရှိ သီရိမင်္ဂလာဈေး၌ တစ်ရက်လျှင် ကုန်ပစ္စည်းမျိုးစုံတန်ချိန် ၅၀၀၀ ခန့် ရောင်းချနေရ

ရန်ကုန်မြို့ရှိ သီရိမင်္ဂလာဈေး၌ တစ်ရက်လျှင် ကုန်ပစ္စည်းမျိုးစုံတန်ချိန် ၅၀၀၀ ခန့် ရောင်းချနေရပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းသာမက တခြားဒေသများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနမှ သိရသည်။

သီရိမင်္ဂလာဈေးရှိ ဈေးရုံပေါင်း ၁၄ ရုံ၌ မှတ်ပုံတင်ထားသောဆိုင်ခန်းပေါင်း ၂၉၅ ခန်းနှင့် ပုံကျဆိုင်ခန်းပေါင်း ၂၃၀၀ ကျော် ဖွင့်လှစ်ထားကာ အနယ်နယ်အရပ်ရပ်မှ ဝင်ရောက်လာသော ကုန်စိမ်း၊ ပန်း၊ သစ်သီးဝလံနှင့် ကွမ်းစသည့်ကုန်စည်ပစ္စည်းများကို နေ့စဉ်ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။

“သီရိမင်္ဂလာဈေးကြီးမှာ တစ်ရက်ကို ကုန်ပစ္စည်းမျိုးစုံတန်ချိန် ၅၀၀၀ လောက် ရောင်းချနေရပြီး အမှိုက်တန်ချိန်က ၈၀ ကနေ ၁၂၀ ကြား ထွက်ရှိပါတယ်။ အဲဒီအမှိုက်တွေကိုသာ ပြောင်စင်အောင်မရှင်းလင်းဘူးဆိုရင် ယင်ကောင်တွေပေါက်ပွားမယ်။ မလိုလားအပ်တဲ့ ကျန်းမာရေးပြဿနာတွေ ဖြစ်ပွားလာနိုင်ပါတယ်။ အဲဒီအတွက် အမှိုက်တွေကို အလုပ်သမားဦးရေ ၈၀ လောက်နဲ့ နေ့စဉ် ပြောင်စင်အောင် ရှင်းလင်းပြီး အမှိုက်စုရမယ့်နေရာအထိ ပို့ဆောင်နေပါတယ်” ဟု မရမ်းကုန်းခရိုင် ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနဌာနခွဲမှူး ဦးဝေလင်းကပြောသည်။

ထို့ပြင် သီရိမင်္ဂလာဈေး၌ CCTV ကင်မရာအလုံး ၁၀၀ ကျော်တပ်ဆင်ထားပြီး ၂၄ နာရီစောင့်ကြည့်ကာ ထူးခြားဖြစ်စဉ်များမဖြစ်ပေါ်စေရန် စောင့်ကြပ်လျက်ရှိကြောင်း၊ လက်ရှိ သီရိမင်္ဂလာဈေးသို့ တစ်ရက်လျှင် ကုန်တင်ယာဉ်အစီးရေ ၃၅၀ ခန့် ဝင်ထွက်လျက်ရှိကြောင်း သိရသည်။

ဈေးအတွင်း ရောင်းဝယ်ဖောက်ကားချိန်ကို နံနက် ၄ နာရီမှ ည ၇ နာရီအထိ သတ်မှတ်ထားပြီး ယင်းအချိန်နောက်ပိုင်းတွင် ကုန်စည်ပစ္စည်းများတင်ဆောင်လာသော ကုန်တင်ယာဉ်များ ရောက်ရှိလာပါကလည်း ဝင်ရောက်ခွင့်ပြုထားကြောင်း သိရသည်။

**ဆောင်းဦး**



တီဟီရန် ဇူလိုင် ၃၁

# တီဟီရန်မြို့၌ကျင်းပသည့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်




အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မိုဟာမက် ဘက်ဂါ ဂါလီဘာ့ဖ်၏ဖိတ်ကြားချက်အရ အီရန်နိုင်ငံ၌ ရောက်ရှိနေသော ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယမန်နေ့က တီဟီရန်မြို့ရှိ အီရန်လွှတ်တော်၌ကျင်းပသည့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသမ္မတသစ် မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်သည်။

ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနား မစတင်မီ စုပေါင်းဓာတ်ပုံရိုက်ကြရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အခြားသောကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူပါဝင်ခဲ့သည်။

အဆိုပါကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ နိုင်ငံပေါင်း ၈၀ ကျော်မှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် အထူးကိုယ်စားလှယ်များတက်ရောက်ကြပြီး ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား၌ အစီအစဉ်အရ အီရန်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မိုဟာမက် ဘက်ဂါ ဂါလီဘာ့ဖ်က အဖွင့်အမှာစကားပြောကြားကာ အီရန်တရားသူကြီးချုပ် မစ္စတာ မိုဆယ်နီ အီဂျဲက မိန့်ခွန်းပြောကြားခဲ့သည်။

ထို့နောက် အီရန်သမ္မတသစ် မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ်က ကျမ်းသစ္စာကျိန်ဆို၍ မိန့်ခွန်းတစ်ရပ်ပြောကြားကာ အီရန်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မိုဟာမက် ဘက်ဂါ ဂါလီဘာ့ဖ်က အပိတ်မိန့်ခွန်းပြောကြားပြီး ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အီရန်သမ္မတ မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ်က တည်ခင်းဧည့်ခံသောဂုဏ်ပြုညစာစားပွဲသို့ အခြားသောနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်သည်။

အီရန်နိုင်ငံသို့ရောက်ရှိစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်အစိုးရ၏ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အခမ်းအနားတက်ရောက်လာကြသည့်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။

တီဟီရန်မြို့၌ပြုလုပ်သည့် ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်းပါဝင်တက်ရောက်ခဲ့ကြသည်။

ခရီးစဉ်အတွင်း အိမ်ရှင်အီရန်အစိုးရက ကိုယ်စားလှယ်အဖွဲ့များအား တီဟီရန်မြို့ရှိ အီရန်အမျိုးသားပြတိုက်နှင့် အီရန်ရှေးဟောင်းသုတေသနနှင့်အနုပညာပြတိုက်တို့သို့ ပို့ဆောင်ပြသပေးကြသည်။

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတသစ် မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ်အား ၁၉၅၄ ခုနှစ်တွင်မွေးဖွားခဲ့ပြီး ၎င်းသည် နှလုံးခွဲစိတ်ဆရာဝန်တစ်ဦးဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် ကျန်းမာရေးဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကျန်းမာရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အီရန်လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရာထူးတာဝန်အသီးသီး တာဝန်ထမ်းဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် ဇူလိုင် ၃၁

# ကမ္ဘောဒီးယားနိုင်ငံသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏အထူးကိုယ်စားလှယ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့မှ အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းလိုင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါမြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၃၁

# Naypyitaw State Academy သို့ သုံးဖက်မြင်သင်ကြားရေး Smart Boards များလှူဒါန်း



Naypyitaw State Academy သို့ တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း (China Foundation for Rural Development- CFRD)က သုံးဖက်မြင်သင်ကြားရေး Smart Boards များလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ Academy ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုဆိုင်ရာသံမှူး Mr. Li Qianguo၊ တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ဘဏ္ဍာရေးအရာရှိချုပ် Ms. Tang Fengmei၊ ဌာနေကိုယ်စားလှယ် Ms. Lin Yuan၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

လှူဒါန်းပွဲတွင် ဒုတိယဝန်ကြီးက ယခုကဲ့သို့ တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း (CFRD)က သုံးဖက်မြင်သင်ကြားရေး ၈၆ လက်မ MAXHUB Smart Board ၁၀ လုံး လှူဒါန်းသည့်အတွက် ကျေးဇူးအထူးတင်ရှိကြောင်း၊ ယခုလှူဒါန်းသည့် ခေတ်မီဆန်းသစ်သော နည်းပညာသုံး သင်ထောက်ကူပစ္စည်းများသည် စာသင်ခန်းတွင်းသင်ကြားနည်းစနစ်ကို ပိုမိုထိရောက်စေကြောင်း၊ Naypyitaw State Academy ကို နိုင်ငံတကာ တက္ကသိုလ်များနှင့် ရင်ပေါင်တန်းနိုင်ရေး ကြိုးပမ်းအားထုတ်မှုတွင် ယနေ့လှူဒါန်းမှုသည် မှတ်တိုင်တစ်ခုအဖြစ်တည်ရှိနေမည်ဖြစ်ကြောင်းပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုဆိုင်ရာသံမှူးက အမှာစကားပြောကြားကာ တရုတ်နိုင်ငံကျေးလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ဘဏ္ဍာရေးအရာရှိချုပ်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ယဉ်ကျေးမှုဆိုင်ရာသံမှူး၊ တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း ဘဏ္ဍာရေးအရာရှိချုပ်နှင့် ဌာနေကိုယ်စားလှယ်တို့က Naypyitaw State Academy သို့ MAXHUB Smart Board ၁၀ လုံးကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တာဝန်ရှိသူတစ်ဦးက Smart Board အသုံးပြုသင်ကြားနည်းကို သရုပ်ပြရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းသို့ ကျေးဇူးတင်ဂုဏ်ပြုလွှာပေးအပ်၍ Naypyitaw State Academy ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်က ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် စာသင်ခန်းများ၌ Smart Board အသုံးပြုသင်ကြားနေမှုကိုလှည့်လည်ကြည့်ရှုအားပေးပြီး ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
| --- | --- |
| (၁) ဒေါက်တာမျိုးမင်းကြည်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) ဒေါ်မြမြဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
## International Youth Day

"စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး
လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး"

"From Clicks To Progress: Youth Digital Pathways
For Sustainable Development"

၁၂ - ၈ -၂၀၂၄ ရက်နေ့ (တနင်္လာနေ့)

ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)

နေပြည်တော် ဇူလိုင် ၃၁

# ၂၀၂၄ ခုနှစ် ဩဂုတ်လ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၃ ပေမှ ၇ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့်ချောက်မြို့တို့တွင် ၁ ပေခွဲမှ ၃ ပေခန့်နှင့် မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၄ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ၄ ပေမှ ၈ ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၂ ပေမှ ၄ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၄ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၁ ပေခန့်နှင့် စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ၆ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၅ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့်ပဲခူးမြို့တို့တွင် ၄ ပေမှ ၆ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၆ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၅ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၃ ပေမှ ၄ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင်၂ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၅ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

နေပြည်တော် ဇူလိုင် ၃၁

# ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ ငဝန်မြစ်၊ တိုးမြစ် ရေကြီးမှုအခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ) အထက်သို့ ၁ လက်မခန့် (၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၆ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ ၁ လက်မခွဲခန့် (၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၆ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ၆ ပေခန့် (၁၈၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အထက်သို့ ၂ ပေခွဲခန့် (၇၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ) အထက်သို့ ၄ ပေခန့် (၁၁၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ၄ ပေခွဲခန့် (၁၃၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ (၉၆၃ စင်တီမီတာ) အထက်သို့ ၁ ပေခန့် (၃၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ ၁ ပေခွဲခန့် (၄၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ ၂ ပေခွဲခန့် (၆၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁ ဒသမ ၄၈ ပေ (၃၅၀ စင်တီမီတာ) အထက်သို့ ၁ ပေခန့် (၂၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့် မြင့်တက်လာနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၃ ဒသမ ၆၂ ပေ (၇၂၀ စင်တီမီတာ) အထက်သို့ ၁ လက်မခန့် (၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်၊ သာပေါင်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ မအူပင်မြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ဆားနင်းခြင်း၏ အကျိုးကျေးဇူးများ

ခြေဖဝါးဆားပွတ်ခြင်းဖြင့် အပူအပုပ်ခိုးများ အောက်သို့ဆွဲချသောနည်းရှိသကဲ့သို့ ဆားနင်းခြင်းဖြင့်လည်း မျက်စိနှင့်ဦးနှောက်အတွင်းသို့တက်သော အပူအပုပ်ခိုးများကို ဆွဲယူသောနည်းလည်းရှိသည်။ ဆားနင်းခြင်းသည် ရေရှည်လုပ်နိုင်လျှင် ထိရောက်သော ကျန်းမာရေးနည်းလမ်းကောင်းဖြစ်သည်။

တောတောင်ရေမြေတို့ကို တိုက်စားလာသော ရေတို့သည် မြောင်းငယ်၊ ချောင်းငယ်များသို့ စီးဝင်ကြသည်။ ထိုမှတစ်ဆင့် မြစ်ကြီးများဖြစ်လာသည်။ မြစ်ရေတွင် ရွှံ့စေးနှင့် သဲနုန်းများရောလျက် အနည်ထိုင်ကျန်ခဲ့သော်လည်း ဆားဓာတ်တို့မှာ ပျော်ဝင်ပြီးနောက် ပင်လယ်ရေထဲသို့ စီးဝင်သွားသည်။ ပင်လယ်ပြင်မှ ရေကို လယ်ကွက်ကဲ့သို့ပြန့်ပြူးသောမြေပြင်သို့ သွင်းယူပြီးနောက် နေလှန်းသောအခါ အပူရှိန်ပြင်းသဖြင့် ရေများအငွေ့ပြန်သွားပြီး ဆားများကျန်နေခဲ့သည်။ ထိုသဘာဝနေလှန်းဆားမှာ အဖြူရောင်မဟုတ် ညိုညစ်ညစ်အရောင်ဖြစ်သည်။ သဘာဝဆားကို ချွတ်ဆေးသုံးပြီး ချွတ်လိုက်သောအခါမှသာ ဖြူဖွေးသောဆားကိုရသည်။ ဆေးဖက်ဝင်အဖြစ် အသုံးပြုမည်ဆိုလျှင် ချွတ်ဆေးမသုံးသောသဘာဝဆားမှာ ပို၍ဆေးဖက်ဝင်သည်။

ဆားသည် အပုပ်အစပ်မှန်သမျှကို ထိန်းချုပ်နိုင်သည်။ ငါး၊ ပုစွန်တို့ပုပ်သိုးပြီး အနံ့ဆိုးမထွက်စေရန်နှင့် အကောင်မပျက်စေရန် ဆားကိုအသုံးပြုရသည်။ ဆားသည် အပုပ်အခိုးမှန်သမျှကို စုပ်ယူရုံသာမက အနံ့ဆိုးများပျောက်ကွယ်သွားအောင် ချေဖျက်ပစ်နိုင်သည်။

ရှေးလူကြီးများသည် ဆားကိုအသုံးပြု၍ သွားတိုက်ကြသည်။ ဆားသည် ပါးစပ်အတွင်းမှ အပုပ်အစပ်များကို စုပ်ယူသွားသဖြင့် ခံတွင်းနံ့နံခြင်းကို ပျောက်ကင်းစေသည်။ ဆားရည်ဖြင့် ပလုတ်ကျင်းရုံဖြင့် သွားကိုက်၊ သွားနာ၊ သွားဖုံးနာ၊ လည်ချောင်းနာ၊ အာခေါင်နာများ ပျောက်ကင်းစေနိုင်သည်။

ဆားရည်ကို ပလုတ်ကျင်းရုံသာမက မျက်စဉ်းလည်း ခတ်နိုင်သည်။ ဓာတုဗေဒဆေးရည်ဖြင့်ပြုလုပ်သော မျက်စဉ်းအမျိုးမျိုးရှိသော်လည်း ဆားရည်သည် မျက်စိနာနှင့်သင့်လျော်သည်။ ဘေးဥပဒ်ကင်းသည်။ ဖျားနာခြင်းနှင့် ညောင်းညာကိုက်ခဲခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်းတို့ကိုပင် ဆားရည်မျက်စဉ်းခတ်ပေးလျှင် သက်သာသည်ဟု ရှေးလူကြီးများက ယူဆကြသည်။

*“ဆားသည် အပုပ်အစပ်မှန်သမျှကို ထိန်းချုပ်နိုင်သည်။ ငါး၊ ပုစွန်တို့ ပုပ်သိုးပြီး အနံ့ဆိုးမထွက်စေရန်နှင့် အကောင်မပျက်စေရန် ဆားကိုအသုံးပြုရသည်။ ဆားသည် အပုပ်အခိုးမှန်သမျှကို စုပ်ယူရုံသာမက အနံ့ဆိုးများ ပျောက်ကွယ်သွားအောင် ချေဖျက်ပစ်နိုင်သည်။*

*ရှေးလူကြီးများသည် ဆားကိုအသုံးပြု၍သွားတိုက်ကြသည်။ ဆားသည် ပါးစပ်အတွင်းမှ အပုပ်အစပ်များကို စုပ်ယူသွားသဖြင့် ခံတွင်းနံ့နံခြင်းကို ပျောက်ကင်းစေသည်။ ဆားရည်ဖြင့် ပလုတ်ကျင်းရုံဖြင့် သွားကိုက်၊ သွားနာ၊ သွားဖုံးနာ၊ လည်ချောင်းနာ၊ အာခေါင်နာများ ပျောက်ကင်းစေနိုင်သည်. . .”*

ဆားသည် ကြွက်သားများကိုလည်း အားကောင်းစေသည်။ ချွေးထွက်များလျှင် အားကစားသမားများ ကြွက်တက်တတ်သည်။ ချွေးနှင့်အတူ ဆားဓာတ်များ ပါသွားသဖြင့် ကြွက်တက်ရခြင်းဖြစ်သည်။ ကြွက်တက်သူကို ဆားရည်ဖျော်ပြီး ချက်ချင်းတိုက်ပေးခြင်းဖြင့် ကြွက်တက်ခြင်းကို ပြေလျော့စေနိုင်သည်။ ဝမ်းသွားသည့်အကြိမ်ရေများလျှင်လည်း ရေဓာတ်သာမက ဆားဓာတ်ပိုမိုဆုံးရှုံးသွားသဖြင့် ကြွက်တက်တတ်သည်။ ထို့ကြောင့် ဝမ်းသွားသူများကို အချိုရည်နှင့်ရော၍ ဓာတ်ဆားရည်ကိုပါ တိုက်ပေးရသည့်ကုထုံးရှိသည်။

ဆားနင်းသည့်ကုထုံးသည် မှတ်တမ်းမှတ်ရာဖြင့် မည်သည့်ခေတ်ကာလကစတင်ခဲ့သည်ဟု မသိနိုင်သော်လည်း အင်္ဂလိပ်တို့ အောက်မြန်မာနိုင်ငံကို နယ်ချဲ့ဝင်ရောက်လာသည့်အချိန်က အထက်မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးသမားတော်ကြီးများ၊ ဓာတ်စာဆရာများက ရိုးရာဆေးပညာဖြင့် ပြောင်မြောက်စွာကုသနေချိန်တွင် ထိုဆရာကြီးများကုသည့်ကုထုံးတွင် ဆားနင်းခြင်း၊ ခြေဖဝါးဆားပွတ်ခြင်း၊ ဆားကြပ်ထုပ်ထိုးခြင်းများပါဝင်သည်ဟု သိရသည်။

ဆားနင်းမည့်သူသည် မိမိခြေဖဝါးနှစ်ဖက်စာ ဖိနင်းနိုင်မည့်ပမာဏရှိသောဆားကို ပုံ၍နင်းရမည်။ ဆားကိုထည့်သော အောက်ခံကြမ်းပြင်မှာ သစ်သားဇလားဖြစ်လျှင် ပို၍ကောင်းသည်။ ရှေးက ဆားနင်းသူတချို့မှာ ဆန်ပြာသည့်ဆန်ကောဟောင်းတွင် ဆားကိုပုံပြီး အပေါ်မှ ဂုန်နီအိတ် သို့မဟုတ် ဖျင်ကြမ်းစကို ဖုံးအုပ်ပြီး အပေါ်မှတက်နင်းကြသည်။ ဆားနှင့်ခြေဖဝါးကို တိုက်ရိုက်မထိတွေ့စေဘဲ ကြားခံအဝတ်ကြမ်းခံထားသော်လည်း ဆားမှအငွေ့သည် ခြေဖဝါးမှ ထွက်လာသော အပူဓာတ်နှင့်ထိတွေ့ကာ လူ့ခန္ဓာကိုယ်အောက်ပိုင်းသို့ ဝါယောဓာတ်ကို ခေါ်ယူနိုင်သည်။ အဓောဂမဝါယောများလာသောအခါ အထက်သို့တက်သော ဥဒ္ဒင်္ဂမဝါယော အားလျော့သွားသဖြင့် မျက်စိကို ကြည်လင်လာစေသည်။ ဦးခေါင်းခဲသည့် ဝေဒနာ၊ ခေါင်းကိုက်ဝေဒနာများကိုလည်း သက်သာစေနိုင်သည်။

စာရေးသူတို့ငယ်စဉ်က တိုင်းရင်းဆေးပညာသင်ကြားခဲ့ရာ မန္တလေးမြို့မြောက်ပြင်ရှိ အိုးဘိုအရပ်တွင် တချို့အိမ်ရှေ့၌ ဆိုင်းဘုတ်ကဲ့သို့ သစ်သားပျဉ်ချပ်တွင် မီးသွေးဖြင့် အခမဲ့ဆားနင်းနိုင်သည်ဟု ရေးသားထားသော အိမ်နှစ်အိမ်ခန့် တွေ့ဖူးသည်။ ဆားနင်းခြင်းဓလေ့သည် မြန်မာ့တိုင်းရင်းဆေးပညာထွန်းကားသော မန္တလေးမြို့မြောက်ပြင်အရပ်တွင် ရှေးကရှိခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

ရှေးမြန်မာများသည် သျှောင်ထုံးထားကြသည်။ ဆံပင်ကျွတ်သူ၊ ထိပ်ပြောင်သူ အလွန်နည်းသည်မှာ ဆားဖြင့်သွားတိုက်ခြင်း၊ ဆားနင်းခြင်း ဓလေ့များကြောင့်ဖြစ်နိုင်သည်ဟု စာရေးသူတို့၏ဆရာကြီးတစ်ဦးက ပြောဖူးသည်။ ဆံပင်ကျွတ်ခြင်း၊ ထိပ်ပြောင်ခြင်းသည် အထက်သို့ကန်တက်သော အပူဝါယောဓာတ်များခြင်းကြောင့်ဖြစ်သဖြင့် အောက်သို့အပူလှည့်စေရန် ဆားနင်းခြင်း ပြုလုပ်နိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကြည်လွင်မြင့်(မုဒြာ)**

---

ရန်ကုန်၊ အထိမ်းအမှတ်နေ့ပြိုင်ပွဲ

## ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းသာယာလှပသော မြန်မာနိုင်ငံ၏ရှုခင်းများ၊ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှု၊ တိုင်းရင်းသားမျိုးနွယ်စုတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာပုံရိပ်များဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ဖော်ထုတ်မြှင့်တင်ရေးအတွက် ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ အမှတ်(၅၈/၆၀)၊ ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ ဩဂုတ်လ ၅ ရက်မှ ၂၃ ရက်အတွင်း ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ကိုးသိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်း၊ နှစ်သိမ့်ဆု ၂၀ ဆုအတွက် တစ်ဆုလျှင် ငွေကျပ် တစ်သိန်းခွဲစီ ချီးမြှင့်ပေးမည်ဖြစ်သည်။ ဆုရရှိသောဓာတ်ပုံများကို စက်တင်ဘာလတွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားတွင် ခင်းကျင်းပြသခြင်း၊ ဆုချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး ဖုန်း- ၀၉-၄၅၅၃၁၉၀၀၀ နှင့် ၀၉-၅၀၅၄၆၅၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**ခင်မောင်တင်**

---

ကျိုက်လတ်၊ အသိပညာပေး

## စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်အသိပညာပေးဟောပြောပွဲကျင်းပ




ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၃၀ ရက်က ကျုံသိကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီမြင့်က ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားရေးအတွက် အားလပ်သည့်အချိန်များတွင် စာအုပ်စာပေများကို လေ့လာကြရမည်ဖြစ်ကြောင်း၊ ပညာလိုအိုသည်မရှိဟူသည့်အတိုင်း ပညာတတ်မြောက်မှသာ အမှား၊ အမှန် ဝေဖန်နိုင်မည်ဖြစ်ကြောင်း၊ စာကိုကြိုးစားသင်ယူသင့်ကြောင်း၊ အကောင်းအဆိုးခွဲခြားတတ်စေရန် တခြားသော ပြင်ပဗဟုသုတများကိုလည်း ရှာဖွေသင့်ကြောင်း၊ စာအုပ်စာပေများသည် မည်မျှပင်ဟောင်းနွမ်းစေကာမူ ပညာဗဟုသုတများစွာ ရရှိနိုင်သည့်အတွက် လေ့လာဖတ်ရှုကြရန်လိုကြောင်း စသည်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး၊ လူကုန်ကူးမှုအကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း၊ အဆိုပါအသိပညာပေးဟောပြောပွဲသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၅၀ ဦးခန့် တက်ရောက်ကြကြောင်း သိရသည်။

**လှိုင်မင်းအောင်**

နေပြည်တော် ဇူလိုင် ၃၁

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်းနှင့် စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ မိသားစုဝင် သား/သမီးများအား တိုင်းစစ်ဌာနချုပ်များ၌ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့်ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ဧရာဝတီ... ဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်းနှင့် စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ မိသားစုဝင် သား/သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ခြင်းနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ပေးအပ်ခြင်းများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဧရာဝတီ... ဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့ရှိ သတ်မှတ်နေရာအသီးသီး၌ပြုလုပ်ကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် ဒုတိယတိုင်းမှူးတို့က ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဂုဏ်ပြုဆုတံဆိပ်များနှင့်ပညာသင်စရိတ်များ အသီးသီးပေးအပ်ကြရာ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူခဲ့ကြသည်။ ယင်းနောက် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသား၊ ကျောင်းသူတစ်ဦးစီမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌လည်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲနှင့် စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ မိသားစုဝင် သား/သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားပြုလုပ်ခဲ့ပြီး ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

နေပြည်တော်   ဇူလိုင်   ၃၁

## ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်ကြည့်ရှုအားပေး

မွန်ပြည်နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၄/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့တွင် မော်လမြိုင်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ဂုဏ်ပြုကြိုဆိုကြပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးစဉ်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၄/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

ရန်ကုန်   ဇူလိုင်   ၃၁

## ယခုဘဏ္ဍာနှစ် သုံးလကျော်ကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်တန်ချိန် ၁၂၄၀၀၀ ခန့် တင်ပို့နိုင်



ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၁၄ ရက်အထိ သုံးလကျော်ကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်တန်ချိန် ၁၂၄၀၀၀ ခန့် တင်ပို့နိုင်ပြီး အမေရိကန် ဒေါ်လာ ၁၆၄ သန်းခန့်ရရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

အဆိုပါရေထွက်ကုန်များကို အများအားဖြင့် Normal Trade အနေဖြင့် ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့ခြင်းဖြစ်ပြီး ထိုရေထွက်ကုန်များအနက် ပုစွန် တင်ပို့မှုအနေဖြင့် တန်ချိန် ၁၃၇၃ တန် တင်ပို့နိုင်ကာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၄၆ သန်းရရှိကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ် ဧပြီလကနေ ဇူလိုင်လ ၁၄ ရက်အထိ သုံးလကျော်ကာလအတွင်း ပြည်ပနိုင်ငံတွေကို ရေထွက်ကုန်တန်ချိန် ၁၂၄၀၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၁၆၄ သန်းခန့်ရရှိပါတယ်။ နိုင်ငံပေါင်း ၄၀ လောက်ကို တင်ပို့မှုရှိပါတယ်။ လက်ရှိမှာ Normal Trade အနေနဲ့ ပင်လယ်ရေကြောင်းကတစ်ဆင့် အဓိကထားတင်ပို့နေတာဖြစ်ပြီး Border Trade အနေနဲ့လည်း တင်ပို့မှုတွေရှိပါတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောသည်။

ယခုအခါ မြန်မာနိုင်ငံမှ မွေးမြူရေးရေချိုပုစွန်များကိုလည်း တရုတ်နိုင်ငံသို့ တရားဝင် GACC နည်းလမ်းဖြင့် တင်ပို့နိုင်ရေးအတွက် ပြည်တွင်းမှ ရေချိုပုစွန် မွေးမြူရေးကုမ္ပဏီလေးခုသည် မှတ်ပုံတင်ခွင့်ရရှိထားပြီး နောက်ထပ်ကုမ္ပဏီများကလည်း မှတ်ပုံတင်ခွင့်လျှောက်ထားကြောင်း၊ အဆိုပါ မွေးမြူရေးရေချိုပုစွန်များကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် အေးခဲပုစွန်အဖြစ် တင်ပို့ရခြင်းဖြစ်သည့်အတွက် Reefer Container များဖြင့် ပင်လယ်ရေကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

မြန်မာ့ရေထွက်ကုန်များကို နှစ်စဉ် အမေရိကန်၊ ထိုင်း၊ တရုတ်၊ ဆော်ဒီအာရေဗျ၊ ဂျပန်၊ စင်ကာပူ၊ မလေးရှား၊ ယူအေအီးနှင့် ဗြိတိန်နိုင်ငံတို့အပါအဝင် ပြည်ပနိုင်ငံပေါင်း ၄၀ ခန့်သို့ တင်ပို့လျက်ရှိပြီး ထိုသို့တင်ပို့ရာတွင် စုစုပေါင်းရေထွက်ကုန်အမယ် ၃၀၀ ကျော်ရှိကာ ထိုရေထွက်ကုန်များကို ငါးအုပ်စု၊ ပုစွန်အုပ်စုနှင့် ငါး၊ ပုစွန်မဟုတ်သော တခြားရေထွက်ကုန်အုပ်စုဟူ၍ အဓိကအုပ်စုသုံးစုခွဲ၍ တင်ပို့လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

မင်းကင်း   ဇူလိုင်   ၃၁

## မင်းကင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၇၈၃ ဧက စိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၇၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မင်းကင်းမြို့နယ်၌ အစေ့ထုတ်ပြောင်း ၅၂၉ ဧကနှင့် ဖူးစားပြောင်း ၃၃၀၁ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်စိုက်ပျိုးရာ လက်ရှိတွင် အစေ့ထုတ်ပြောင်း ၂၇၃ ဧကနှင့် ဖူးစားပြောင်း ဧက ၂၅၁၀ စုစုပေါင်း ၂၇၈၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မင်းကင်းမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းကပြောသည်။

ယခုနှစ်တွင် မင်းကင်းမြို့နယ်၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ပေးခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင်ဆေး အသုံးပြုရေး စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မင်းကင်းမြို့နယ်၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး ဖူးစားပြောင်းတစ်ဧကလျှင် အဖူးရေ ၁၅၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

(၄၀၉)

နေပြည်တော် ဇူလိုင် ၃၁

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီ (ဒုတိယအကြိမ်) စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီ (ဒုတိယအကြိမ်) စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း၌ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ အရာထမ်း/အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် ပိတောက်ပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက သတ်မှတ်နေရာများတွင် သစ်ပင်များကို ဆက်လက်စိုက်ပျိုးပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ မဟော်ဂနီ၊ ယမနေ၊ ဆီသပြေ၊ ပျဉ်းမ၊ ရင်းမာ စုစုပေါင်းသစ်မျိုး ကိုးမျိုးဖြင့် ပျိုးပင် ၃၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ကြပြီး မိုးရာသီအကြိုနှင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲ အကြိမ် ၃၉၀ သစ်ပင်ပေါင်း ၃၁၅၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီအတွင်း သစ်တောစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းနှင့် ကျေးရွာထင်းစိုက်ခင်းများတည်ထောင်ခြင်း၊ ကားလမ်းဘေးဝဲ/ယာ စိုက်ပျိုးခြင်း၊ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့်လူထုဖြန့်စိုက်ပျိုးခြင်းများတွင် သစ်ပင်စုစုပေါင်း ၂၁ ဒသမ ၂၂ သန်း စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့အမှုဆောင်အရာရှိချုပ် မစ္စတာအလက်စ်ဇန်းဒါး ဆာဂီးဗစ်ရှ် ရှတီရော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံပြီး မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ဓာတ်သတ္တုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဇူလိုင် ၃၁

## ခရီးသွားစစ်တမ်းများ စတင်ကောက်ယူခြင်းဖွင့်ပွဲအခမ်းအနားနှင့် ပြည်ဝင်ခရီးသွားစစ်တမ်း (ပထမအကြိမ်)အတွက် အွန်လိုင်းသင်တန်းဖွင့်ပွဲကျင်းပ





ခရီးသွားစစ်တမ်းများ စတင်ကောက်ယူခြင်းဖွင့်ပွဲအခမ်းအနားနှင့် ပြည်ဝင်ခရီးသွားစစ်တမ်း(ပထမအကြိမ်)အတွက် အွန်လိုင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ စစ်တမ်းကောက်ယူကြမည့် အရာထမ်း၊ အမှုထမ်းများက In-Person ဖြင့်တက်ရောက်ကြပြီး မုံရွာစီးပွားရေးတက္ကသိုလ်၊ မန္တလာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်(ရန်ကုန်)မှ ဌာနမှူးများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF) မှ ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများက Hybrid စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြည်ဝင်ခရီးသွားစစ်တမ်းကောက်ယူခြင်းကို ရန်ကုန်၊ မန္တလေး၊ တာချီလိတ်၊ မူဆယ်၊ ကော့သောင်းမြို့တို့ရှိ နိုင်ငံတကာလေဆိပ်များ၊ နယ်စပ်ဂိတ်များ၊ ရေဆိပ်များနှင့် ပြည်တွင်းခရီးသွားစစ်တမ်းကို ခရီးသွားဆွဲဆောင်ရာနေရာများ၊ ဝင်/ထွက်ပေါက်များ၊ မီးရထားဘူတာရုံများတွင် ကောက်ယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ပြည်ဝင်ခရီးသွားစစ်တမ်း (ပထမအကြိမ်) ကောက်ယူသွားမည့် အစီအစဉ်များနှင့် စစ်တမ်းကောက်ယူမည့် အရာထမ်း၊ အမှုထမ်းများအား သင်တန်းများဖွင့်လှစ်သင်ကြားပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ခရီးသွားစစ်တမ်းလေ့လာဖော်ထုတ်ချက်များမှတစ်ဆင့် မြန်မာနိုင်ငံသားခရီးသွားများနှင့် နိုင်ငံတကာခရီးသွားများ၏လိုအပ်ချက်များ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်(Action Plan) များ ရေးဆွဲခြင်း၊ ခရီးသွားဆွဲဆောင်မှုပုံစံသစ်များဖော်ထုတ်ခြင်း၊ ကောင်းမွန်သည့်ဝန်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက်ခြင်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဈေးကွက်များရှာဖွေမြှင့်တင်ခြင်း(Market Assessment & Promotion) တို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(၅၀၀)**

---

နေပြည်တော် ဇူလိုင် ၃၁

## မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာစာရင်းကောက်ယူရေး လုပ်ငန်းကော်မတီ (၂/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ (၂/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဦးစီးဌာနများမှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး ရန်ကုန်/မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အမျိုးသားအဆင့် ဒုတိယငါးနှစ်စီမံချက် (၂၀၂၄-၂၀၂၈) ကာလအစဖြစ်သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကလေးလုပ်သားစစ်တမ်းကောက်ယူရန် Pilot Project အဖြစ်ဆောင်ရွက်မည့် မြို့နယ်သတ်မှတ်ရွေးချယ်ထားရှိမှု၊ လုပ်ငန်းအချိန်ဇယားအတိုင်း စီစဉ်ဆောင်ရွက်မှု၊ ဘဏ္ဍာငွေလျာထားမှုနှင့် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် ဒုတိယငါးနှစ်စီမံချက် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ(၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအား ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ကလေးလုပ်သား စစ်တမ်းကောက်ယူရေးလုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၏ ဆွေးနွေးတင်ပြမှုများ၊ အကြံပြုချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၃၁

## နိုင်ငံတော်အတွက် လက်ငင်းဦးစားပေးဆောင်ရွက်နေသည့်လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး





လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံတော်အတွက် လက်ငင်းဦးစားပေးဆောင်ရွက်နေသည့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားအားလုံး ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်အဆင့် (၁)နှင့် (၂)တို့ဖြင့် အခက်အခဲအမျိုးမျိုးကြားက တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်ကာလများအတွင်း လျာထားချက်များကို ရာနှုန်းပြည့်နီးပါးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် e-ID Database ရှိ စာရင်းများကိုအခြေခံ၍ မဲစာရင်းပြုစုရာတွင် အခြေခံအသုံးပြုရန် အသက် ၁၈ နှစ်နှင့်အထက် မဲစာရင်းများပြုစုကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုတင်ပြပြီး ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တတိယအကြိမ်ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် အသက် ၁၈ နှစ်ပြည့်လာမည့် မဲပေးပိုင်ခွင့်ရှိသူစာရင်းကိုတွက်ချက်အတည်ပြု၍ သတ်မှတ်ကာလများအတိုင်းတင်ပြနိုင်ရေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

သန်းခေါင်စာရင်းကောက်ယူရာတွင် လက်ရှိအခြေအနေအရ လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသများအတွက် စာရင်းကောက်ယူမည့်ကာလ တိုးမြှင့်ကောက်ယူနိုင်ရေးအတွက်လည်း ကြိုတင်မြော်တွေးဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်မည့် အစီအမံအဆင့်ဆင့်ကို ကြိုတင် တင်ပြကြရန်လည်းလိုကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးကိစ္စရပ်များဆောင်ရွက်ရာတွင် နိုင်ငံသားအရည်အချင်းမရှိသူများမပါရှိစေရေး၊ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးရှိသည့် နိုင်ငံသားများကိုသာဆင့်ခေါ်ရေး၊ နေရပ်လိပ်စာမှန်ကန်စေရေးတို့အတွက် ဆက်စပ်ဌာနများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် လက်ရှိအခြေအနေတွင် ပန်းခင်းစီမံချက်နှင့် e-ID စနစ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ မဲစာရင်းမှန်ကန်ရေးနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးတို့အတွက် လုပ်ငန်းများဆောင်ရွက်နေမှု၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာလုပ်ငန်းအပေါ် ဌာနမှ ဆောင်ရွက်ပေးရမည့်အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းများ ဆောင်ရွက်နေမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြပြီး ဒုတိယဝန်ကြီးများက လိုအပ်ချက်များကို ဖြည့်စွက်တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

နေပြည်တော် ဇူလိုင် ၃၁

## အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ASEAN Smoke Free Award) မြန်မာနိုင်ငံမှ လက်ခံရရှိ

အာဆီယံဒေသတွင်း ဆေးလိပ်ငွေ့ကင်းစင်စေရန်ရည်ရွယ်၍ အရှေ့တောင်အာရှ ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ရေးမိတ်ဖက်အဖွဲ့ (South East Asia Tobacco Control Alliance)နှင့်အာဆီယံအတွင်းရေးမှူးအဖွဲ့ရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ASEAN Smoke Free Award) အစီအစဉ်ကို ၂၀၂၂ ခုနှစ် မေလ ၁၃ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပဆောင်ရွက်ခဲ့သော (၁၅)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် စတင်မိတ်ဆက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်ငွေ့ကင်းစင်ဒေသများ ထူထောင်ထားရှိသည့်အနက် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအား အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ASEAN Smoke Free Award)အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စိစစ်ရွေးချယ်ရေးအဖွဲ့များဖွဲ့စည်း၍ သတ်မှတ်ထားသည့် အမှတ်ပေးစည်းမျဉ်းဖြင့် စိစစ်ရွေးချယ်ခဲ့ပြီး ရွှေတံဆိပ်(Gold)ကို ဖိလစ်ပိုင်နိုင်ငံ Iloilo City ကလည်းကောင်း၊ ငွေတံဆိပ် (Silver)ကို အင်ဒိုနီးရှားနိုင်ငံ Bogor City ကလည်းကောင်း၊ ကြေးတံဆိပ် (Bronze) ကို ထိုင်းနိုင်ငံ Saensuk Municipality နှင့် မြန်မာနိုင်ငံ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတို့က ပူးတွဲ၍လည်းကောင်း၊ နှစ်သိမ့်ဆုအဖြစ် လာအိုနိုင်ငံ Luang Prabang ကလည်းကောင်း အသီးသီးရရှိခဲ့ကြောင်း အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အကြောင်းကြားခဲ့သည်။

မြန်မာနိုင်ငံမှရရှိသည့် အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ASEAN Smoke Free Award)ကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပဆောင်ရွက်မည့် (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် အခမ်းအနားအစီအစဉ်တစ်ရပ်ဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၃၁

## National Conference on Science and Engineering- NCSE 2024 ဖွင့်ပွဲအခမ်းအနားကျင်းပ




National Conference on Science and Engineering- NCSE 2024 ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက နိုင်ငံတော် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေးနှင့် နောက်ဆုံးပေါ် နည်းပညာအရွေ့နှုန်းတို့နှင့်အတူ အမီလိုက်ပါနိုင်ရေးအတွက် အင်ဂျင်နီယာဘာသာရပ်နယ်ပယ်စုံပူးပေါင်းဆောင်ရွက်ပြီး ရှုထောင့်စုံလေ့လာဆန်းစစ်မှုများပေါင်းစပ်၍ ကဏ္ဍစုံလွှမ်းခြုံသည့်သုတေသနရလဒ်များ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌတို့ထံ အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး AI in Engineering vs Generate AI ခေါင်းစဉ်ဖြင့် Keynote ဟောပြောသည့် Myanmar Computer Professional Association အတွင်းရေးမှူးထံ ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် Parallel Session များတွင် အင်ဂျင်နီယာဘွဲ့လွန်ကျမ်းပြုစုသူများ၊ သုတေသနပညာရှင်များ၏ စာတမ်းဖတ်ကြားနေမှုများ၊ အတွေ့အကြုံများနှင့် နည်းပညာဖလှယ်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများနှင့် အိန္ဒိယသမ္မတနိုင်ငံမှ Quick Impact Projects များဆိုင်ရာ ပြန်ပြည့်မြဲစွမ်းအင်သုတေသနပရောဂျက်များ ဆောင်ရွက်နေမှုနှင့် ရလဒ်အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

### ♫♫ သင်္ဂ(FM) အသံလွှင့်အစီအစဉ်♫♫

၁-၈-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၂၀ | Morning Song |
| ၂။ | ၁၀:၀၁ | Internet Pages |
| ၃။ | ၁၃:၃၅ | Music Quiz |
| ၄။ | ၁၇:၀၀ | ကမ္ဘာကျော်တို့အနုပညာခရီး |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |

### ၃၁-၇-၂၀၂၄ ထူးခြားသည့် နေ့အပူချိန်များ

| | | | |
|---|---|---|---|
| မင်းကင်း | ၃၅ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | ကော့ကရိတ် | ၃၂ ဒသမ ၁ ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၃၄ ဒသမ ၁ ဒီဂရီဆဲလ်စီးယက် | တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၂ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၃၂ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | ရန်ကုန် (မရမ်းကုန်းမြို့နယ်) | ၃၂ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၂ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | ကိုကိုးကျွန်း | ၃၂ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၂ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | | |
| ချောက် | ၃၂ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | | |

☆ စာမျက်နှာ ၁၄ မှအဆက်

ထောက်ခံပါကြောင်းဖြင့် တင်ပြဆွေးနွေးသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ၂၀၂၄ ခုနှစ်အတွင်း ယခုအချိန်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ လက်နက်ခဲယမ်းနှင့် မိုင်းမျိုးစုံကိုသိမ်းဆည်းရမိခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့ရှိ မြို့နယ်အချို့တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေး စစ်အုပ်ချုပ်ရေးအာဏာကျင့်သုံးရန် ထုတ်ပြန်ဆောင်ရွက်ခဲ့ရခြင်းများရှိသကဲ့သို့ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ထားခဲ့ရခြင်းများလည်းရှိကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း လက်နက်ကိုင်အကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့မှုနှင့်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့တွင် သာမန်အခြေအနေမဟုတ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတစ်ဝန်းလုံးအရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်းဖြင့် တင်ပြဆွေးနွေးသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြီးခဲ့သည့် အရေးပေါ်အခြေအနေသက်တမ်းတိုးမြှင့်ထားခဲ့သည့် ၆ လတာကာလအတွင်း နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကိစ္စရပ်များကို အတိုင်းအတာတစ်ခုအထိ ဖော်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ သို့သော်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် ပါဝင်သည့် လွတ်လပ်၍ တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြုလုပ်နိုင်ရန် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းအပါအဝင် ဆောင်ရွက်ရန်လုပ်ငန်းစဉ်များ ကျန်ရှိနေသေးကြောင်းနှင့် ယင်းလုပ်ငန်းစဉ်များကို အချိန်ကာလတစ်ခု ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို နောက်ထပ် ၆ လ ထပ်မံတာဝန်ထမ်းဆောင်ခွင့်ပြုရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆိုပြုချက်ကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းသည် အချိန်တိုအတွင်း ပြည့်စုံအောင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်မဟုတ်ကြောင်း၊ ယနေ့ဖြစ်ပေါ်နေသော အခြေအနေများအရ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စိစစ်မှုအဆင့်ဆင့်ပြုလုပ်ရမည် ဖြစ်ကြောင်း၊ ထွက်ပေါ်လာသော လူဦးရေစာရင်းကို အခြေခံ၍ မဲစာရင်းကို အတတ်နိုင်ဆုံးပြည့်စုံအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အချို့တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လုံခြုံရေးဆိုင်ရာ အားနည်းချက်များရှိ၍ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး လုံခြုံရေးတိုးတက်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်း လုံခြုံရေးအခြေအနေအပေါ်မူတည်၍ ဦးစားပေးအဆင့်ဆင့်သတ်မှတ်ပြီး နယ်မြေဒေသအလိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာလွှတ်တော်များ၊ အစိုးရအဖွဲ့များ ပေါ်ပေါက်လာရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ နိုင်ငံတော်အနေဖြင့် မှန်ကန်သည့် ဒီမိုကရေစီလမ်းကြောင်းကို ဆက်လက်အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးကို တက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက နိုင်ငံတော်တွင် လက်ရှိဖြစ်ပေါ်နေသည့် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေး၊ လူမှုရေးနှင့် အခြားအထွေထွေကိစ္စရပ်များကို ကဏ္ဍအလိုက် ပြည့်စုံစွာဆွေးနွေးပေးကြသဖြင့် ကျေးဇူးတင်ရှိကြောင်း။

မိမိတို့အနေဖြင့် ပြည်သူအားလုံးက လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မလွဲမသွေ ရှေ့ဆက်လျှောက်လှမ်းရမည်ဖြစ်သည့်အတွက် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို မဖြစ်မနေအောင်မြင်စွာကျင်းပပေးရမည်ဖြစ်ကြောင်း၊ ကျင်းပရာတွင်လည်း ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဆိုင်ရာဖြစ်စဉ်များကဲ့သို့ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ခိုင်လုံမှန်ကန်သည့်မဲစာရင်းများ ရရှိရန်လိုကြောင်း၊ ထို့ကြောင့် လာမည့် အောက်တိုဘာလတွင် ဆောင်ရွက်မည့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို အောင်မြင်စွာပြီးမြောက်စေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ရွေးကောက်ပွဲကို နိုင်ငံတစ်ဝန်းတွင်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျယ်ပြန့်စွာဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုအစိုးရ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ သက်ဆိုင်ရာလွှတ်တော်များ၊ အစိုးရများပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပေါ်ပေါက်လာစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ရွေးကောက်ပွဲကျင်းပနိုင်မည့် တည်ငြိမ်အေးချမ်းမှုရှိသည့် အနေအထားဖြစ်ပေါ်အောင် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့အနေဖြင့် လုံလောက်သည့် အချိန်ရယူဆောင်ရွက်ရန် လိုအပ်သည်ဟူသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၏ အဆိုပြုချက်များကို မိမိအနေဖြင့် သဘောတူပါကြောင်း။

တက်ရောက်လာသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအနေဖြင့်လည်း နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေအရ အရေးပေါ်ကာလကို နောက်ထပ် ၆ လ ထပ်မံသက်တမ်းတိုးမြှင့်ရန် သဘောတူညီဆုံးဖြတ်ပြီးဖြစ်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ **“နိုင်ငံတော်တစ်ဝန်းလုံးအရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို ၁-၈-၂၀၂၄ ရက်မှစပြီး နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း”**ကို ကြေညာအပ်ပါကြောင်းဖြင့် ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)ကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဇူလိုင် ၃၁

# ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်လှစ်

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်းအမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လယ်ဝေးအားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း တက်ရောက်ဖွင့်လှစ်ပေးပြီး KG+12 ပညာရေးစနစ်ကို စနစ်တကျအထောက်အကူဖြစ်စေရေးနှင့် အခြေခံပညာကျောင်းများတွင် ၇၀ ရာခိုင်နှုန်းခန့်လစ်လပ်နေသော ကာယပညာ ဆရာ၊ ဆရာမများဖြည့်ဆည်းခန့်ထားနိုင်ရေးအတွက်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသည့်အခါ အခြေခံပညာအလယ်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များတွင် ဒုတိယအလယ်တန်းပြ(ကာယ)များအဖြစ် ခန့်ထားပေးမည်ဖြစ်ကြောင်း ပြောကြားကာ သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်းများကို ၁၉၈၅ ခုနှစ်က အမှတ်စဉ်(၁) စတင်ဖွင့်လှစ်ခဲ့ပြီး အမှတ်စဉ်(၂၁)အထိ ကာယပညာ ဆရာ၊ ဆရာမ ၈၆၂၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ယခုဖွင့်လှစ်သည့် သင်တန်းသို့ အခြေခံပညာကျောင်းများမှ ဘွဲ့တစ်ခုခုရရှိပြီးသူ လက်ထောက်မူလတန်းပြ၊ လက်ထောက်အလယ်တန်းပြ ဆရာ၊ ဆရာမလုပ်သက်နှစ်နှစ်ရှိသူများနှင့် ဒုတိယမူလတန်းပြ၊ ဒုတိယအလယ်တန်းပြ လုပ်သက် တစ်နှစ်ရှိသူသင်တန်းသား ၂၄၀ နှင့် သင်တန်းသူ ၁၆၀ တက်ရောက်လျက်ရှိပြီး ရက်ပေါင်း ၅၀ ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းတွင် ကာယပညာစီမံအုပ်ချုပ်မှု၊ ကာယပညာအခြေခံသဘောတရား၊ ကာယပညာနှင့်အားကစားသင်ပြမှု၊ ခန္ဓာဗေဒနှင့် ဆေးပညာ၊ Biomechanic၊ ကာယပညာနှင့် KG+12 သင်ရိုး စသည့်ဘာသာရပ်များကို စာတွေ့သင်ကြားပြီး အားကစားနည်းများအနေဖြင့် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများအားလုံး သင်ကြားပို့ချနိုင်မည့် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်အားကစားနည်းများနှင့် အခြေခံစစ်ရေးပြ၊ ကာယကြံ့ခိုင်မှုဘာသာရပ်များကို စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

ရန်ကုန် ဇူလိုင် ၃၁

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၂၉) သင်တန်းဆင်း

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၂၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်-၂၁၉၊ ဦးဟိန်းဇေယျာ ဒုတိယဦးစီးမှူး မင်္ဂလာတောင်ညွန့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန၊ သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ်-၅၈၊ ဒေါ်ပန်းလရောင် ဒုတိယမြို့နယ်ဥပဒေအရာရှိ ကျောက်ဆည်မြို့နယ်ဥပဒေရုံး ဥပဒေရေးရာဝန်ကြီးဌာန တို့ကိုလည်းကောင်း၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။

ယင်းသင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)၊ ဌာနကြီးမှူး/ပါမောက္ခများ၊ သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၁၆၂ ဦး၊ သင်တန်းသူ ၁၉၃ ဦး စုစုပေါင်း ၃၅၅ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ မေလ ၂၀ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
| --- | --- | --- | --- |
| နေပြည်တော် | ၂၂ ° C | / | ၂၆.၂ ° C |
| ရန်ကုန် | ၂၄ ° C | / | ၃၂.၀ ° C |
| မန္တလေး | ၂၆ ° C | / | ၃၀.၂ ° C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

☆ **စာမျက်နှာ ၁၅ မှအဆက်**

လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏အဓိက စီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများပင်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ၌ ဒေသမျိုးရင်းတိရစ္ဆာန်များကိုပင် လှောင်မွေးစနစ်ဖြင့်မွေးမြူပြီး စိုက်ပျိုးရေးမှရရှိသည့် ဆန်ကွဲ၊ ဖွဲ၊ ပြောင်း၊ ပဲဖတ်၊ နှမ်းဖတ်၊ ကောက်ရိုးတို့ဖြင့် အစာရေစာကို စနစ်တကျကျွေးမွေးပါက စီးပွားရေးအရ များစွာတွက်ခြေကိုက်နိုင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်နေသည့် နိုင်ငံများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းလမ်းများကိုလေ့လာပြီး ခေတ်မီနည်းစနစ်များဖြင့် လက်တွေ့ဆောင်ရွက်နိုင်ရန် စီမံပေးလျက်ရှိကြောင်း။

**စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတွင် ငွေကြေးအရင်းအနှီးတတ်နိုင်သူများအနေဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ပါက နိုင်ငံ၏စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများပိုမိုတိုးတက်လာမည်ဖြစ်သည့်အတွက် ဖိတ်ခေါ်**ပါကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းသည် တိုင်းပြည်အတွက် သေချာသည့်စီးပွားရေးတစ်ခုဖြစ်ခြင်းကြောင့် ပန်းတိုင်အထွက်နှုန်းများပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

## ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စု တည်ဆောက်ရေး

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင်ပါရှိသည့် ဝိသေသလက္ခဏာအများစုမှာ ပြည်ထောင်စု(ဖက်ဒရယ်)စနစ်နှင့် ကိုက်ညီသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပထမဦးစွာ ဖက်ဒရယ်ပုံစံမူများဖြစ်သည့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် လွှတ်တော်နှင့်အစိုးရ ၂ ရပ်ဖွဲ့စည်းထားရှိခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတည်ရှိမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံပေးထားခြင်း၊ ထို့ပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ၆ ခု တည်ရှိခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ်ဖော်ပြထားခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဘဏ္ဍာရေးခွဲဝေကျင့်သုံးမှုကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မများဖြင့်တိတိကျကျဖော်ပြထားရှိပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှပေးထားသည့် အခွင့်အရေးများကိုအသုံးချပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းကြရန်သာလိုအပ်ကြောင်း၊ လိုအပ်ချက်အရ အခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများကိုလည်း စည်းကမ်းနှင့်အညီ ပြုပြင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်တည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ခရိုင် ၄၆ ခုတိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီး စုစုပေါင်းခရိုင် ၁၂၁ ခုနှင့် ထိရောက်သည့် အုပ်ချုပ်ရေးကိုဖြစ်ပေါ်လာအောင် ၂၀၂၂ ခုနှစ်ကတည်းက ဖော်ဆောင်ပေးခဲ့ကြောင်း၊ ခရိုင်များ၏ဦးဆောင်မှုဖြင့် မြို့နယ်/ဒေသအားလုံးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ခရိုင်အလိုက် မိမိတို့ရရှိထားသည့် လုပ်ပိုင်ခွင့်များကိုအသုံးချပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအနေဖြင့်လည်း မိမိတို့ဒေသများတွင် ရွေးကောက်ပွဲမှတစ်ဆင့်ဖြစ်ပေါ်လာသည့် အစိုးရများပေါ်ပေါက်လာစေရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် သတ်မှတ်ရာခိုင်နှုန်းပြည့်မီအောင် အတတ်နိုင်ဆုံး ရွေးကောက်ပွဲများ ကျင်းပနိုင်ရန်လိုအပ်ကြောင်း၊ ထိုအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် အခုအချိန်ကတည်းက စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပါတီစုံဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းသည့်အခါတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများရှိသည်ကို နားလည်လက်ခံကြောင်း၊ ကိုယ်စီ၏လိုလားချက်များကို အကြမ်းဖက်သည့်လမ်းစဉ်နှင့် လက်နက်ကိုင်တောင်းဆိုခြင်းကို မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းကမှ လက်မခံခြင်းကြောင့် ဥပဒေနှင့်အညီသာ တောင်းဆိုကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်မတိုင်မီ ဥပဒေမထုတ်ပြန်နိုင်သေးချိန်တွင်လည်း ပြည်ထောင်စုမှ ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်နှင့်ညွှန်ကြားချက်များထုတ်ပြန်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဥပဒေနှင့်အညီသာ တောင်းဆိုရမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီသာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်လည်းဖြစ်**ကြောင်း။

## ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးပင်ဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ခိုင်လုံသည့်အခြေခံမဲစာရင်းများရရှိရန်လိုအပ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမှားယွင်းမှုများကြောင့် နိုင်ငံ့သမိုင်းတွင် အလွန်ဆိုးရွားသည့် အမည်းစက်ဖြစ်ခဲ့ရသည့်အဖြစ်မျိုး ထပ်မံမဖြစ်စေရေး အဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို လာမည့် အောက်တိုဘာလတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အောင်မြင်စွာကောက်ယူနိုင်ရေးနှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့်အခက်အခဲများကို ဖြေရှင်းနိုင်ရေး ကြိုတင် ပြင်ဆင်ဆောင်ရွက်နေကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်ရှိစာရင်းများကို ဦးစားပေးကောက်ယူသွားမည်ဖြစ်ကြောင်း၊ မြေပြင်ကွင်းဆင်းကောက်ယူရန် အခက်အခဲရှိသည့် နေရာများအတွက်လည်း မြေပြင်တွင်ရှိသည့် စာရင်းများနှင့် အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံးစာရင်းကိုက်ညီမှုရရှိသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကောက်ယူ၍ရနိုင်သည့် မြို့ရွာများကို ဦးစွာကောက်ယူပြီး ဆက်စပ်မြို့နယ်များကို လုံခြုံရေးရယူကာ ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် ရွေးကောက်ပွဲဥပဒေများနှင့်အညီ ရွေးကောက်ပွဲကိုကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဒေသအလိုက် လုံခြုံရေးအခြေအနေပေါ်မူတည်ပြီး ကျင်းပနိုင်သည့်နယ်မြေများကို ဦးစွာကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ လတ်တလောလုံခြုံရေးအခြေအနေအရကျင်းပနိုင်ခြင်းမရှိသေးသည့် နယ်မြေများကိုလည်း လုံခြုံရေးကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်ပြီး ဆက်လက်ကျင်းပနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှသာ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် မှန်ကန်သည့်ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို လျင်မြန်စွာအကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **လုံခြုံရေးပိုင်းနှင့်ပတ်သက်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင် မှတ်ပုံတင်ခွင့်တင်ပြလာသည့် နိုင်ငံရေးပါတီ ၆၇ ပါတီအနက်မှ နိုင်ငံရေးပါတီ ၅၀ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီ ၂ ပါတီကို ဥပဒေနှင့် အညီ ပါတီမှတ်ပုံတင်ခွင့် ပယ်ဖျက်ခဲ့သည့်အတွက် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၄၈ ပါတီရှိပြီဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်များမဲပေးရာတွင် အဆင်ပြေစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၅ ခုရှိ မြို့နယ်စုစုပေါင်း ၁၂၁ ခုတွင်ရှိသည့် ဒေသခံပြည်သူ ၁၀၇၂၉၉ ဦးကို မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine)နှင့်စပ်လျဉ်းသည့် ရှင်းလင်းပြသခြင်းများ၊ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး အာမခံထားပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် **NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် မြန်မာနိုင်ငံအကျိုးကို မလိုလားသည့် နိုင်ငံများ၏ ထောက်ပံ့မှုများရယူကာ အကြမ်းဖက်တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်နေ**လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီယဉ်ကျေးမှုကိုမလိုလားသည့် လက်နက်ကိုင်အဖွဲ့အချို့ အနေဖြင့်လည်း ဥပဒေမဲ့လုပ်ရပ်များနှင့် နယ်မြေချဲ့ထွင်ရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နေသည်ကို သိသာထင်ရှားစွာတွေ့မြင်နေရကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအခြေအနေများကို ပြန်လည်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတစ်ရပ် ကျင်းပနိုင်ရန် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ၊ ရွေးကောက်ပွဲဆိုင်ရာ ထပ်ဆင့်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ အထက်ပါတင်ပြခဲ့သည့် လုပ်ဆောင်ရမည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်လက်တာဝန်ယူထမ်းဆောင်ခွင့်ကို ထပ်မံ၍ (၆ လ) သက်တမ်းတိုးမြှင့်ပေးနိုင်ရန်တင်ပြအပ်ပါကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြရာ ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က မကြာမီဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အနည်းငယ်ဆွေးနွေးတင်ပြလိုပါကြောင်း၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းရပ်တစ်ခုဖြစ်ကြောင်း၊ နောင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် တိကျမှန်ကန်သော မဲစာရင်းများသည် ပြည်လုံးကျွတ်သန်းခေါင်စာရင်း အချက်အလက်များအပေါ် အခြေခံရပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် အခြေခံမဲစာရင်းပြုစုရေးလုပ်ငန်းများသည် ဆက်စပ်ချိတ်ဆက်ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူသွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ လုပ်ငန်းသဘောသဘာဝအရ အဆင့်ဆင့်သောလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချိန်ကာလအတိုင်းအတာတစ်ခုအထိ အချိန်ယူရမည်ဖြစ်ပါသဖြင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်မှစ၍ နောက်ထပ် ၆ လ သက်တမ်းတိုးမြှင့်ခြင်းကို ထောက်ခံပါကြောင်းဖြင့် တင်ပြဆွေးနွေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးရာတွင် ပထမအချက်အနေဖြင့် ယာယီသမ္မတဦးမြင့်ဆွေသည် ကျန်းမာရေးအခြေအနေအရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၂၊ ပုဒ်မ ၄၁၇၊ ပုဒ်မ ၄၁၉ ၊ ပုဒ်မ ၄၂၅ တို့အရ ယာယီသမ္မတ(တာဝန်)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထမ်းဆောင်မှုအပေါ်ထောက်ခံပါကြောင်း၊ ဒုတိယအချက်အနေဖြင့် လက်ရှိတွင် နိုင်ငံတော်၏ လုံခြုံရေးပိုင်းဆိုင်ရာ ဆောင်ရွက်မှုများသည် ပြီးပြတ်မှုမရှိသေးပါကြောင်း၊ လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည်လည်း အရေးကြီးသည့်လုပ်ငန်းရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းကိစ္စများကို ဆက်လက်ဆောင်ရွက်နိုင်ရေး နိုင်ငံတစ်ဝန်းလုံးအရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ၆ လ သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်းဖြင့် တင်ပြဆွေးနွေးသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် သက်တမ်းတိုးထားသည့်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်ရေးကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇူလိုင်လဆန်းမှစ၍ အကြမ်းဖက်သမားများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့အတွင်းရှိ လုံခြုံရေးဆိုင်ရာတပ်စခန်းများကို သာမက သာမန်ပြည်သူများနေထိုင်သည့် မြို့၊ ရွာများအား ရှော့တိုက်ဒုံး၊ ဒရုန်းများအသုံးပြု၍တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို မလွှဲမရှောင်သာရယူတာဝန်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ပြီး နိုင်ငံ၏အခြေအနေလုံခြုံတည်ငြိမ်လာသည့်အချိန်တွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မလွဲမသွေကျင်းပပေးကာ နောင်ပေါ်ပေါက်လာမည့်အစိုးရကို နိုင်ငံတော်အာဏာအား စနစ်တကျပြန်လည်လွှဲပြောင်းပေးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရာတွင် လွတ်လပ်၍ တရားမျှတပြီး လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် နိုင်ငံအတွင်းလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရရှိရေးဆက်လက်ဆောင်ရွက်နိုင်ရန် အရေးပေါ်ကာလကို သက်တမ်းတိုးမြှင့်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို ၆ လ သက်တမ်းတိုးမြှင့်ခြင်းအား

**စာမျက်နှာ ၁၃ သို့** ☆

★ စာမျက်နှာ ၁၇ မှအဆက်

ဝန်းရံထောက်ခံအားပေးနေသည့် မျိုးချစ်လူငယ်များ၊ အဖွဲ့အစည်းများ၊ စစ်မှုထမ်းဟောင်းများနှင့် တိုင်းရင်းသားပြည်သူလူထုအပေါ် ဂုဏ်ယူပါကြောင်း ပြောကြားလိုကြောင်း၊ အမိနိုင်ငံတော်အပေါ် ရည်ရွယ်ချက်ရှိရှိထိခိုက်အောင်ဆောင်ရွက်လာသည့် သောင်းကျန်းသူ အဖျက်သမားများအပေါ် ပြင်းပြသည့် စုစည်းညီညွတ်သည့် အမျိုးသားရေးစိတ်၊ မြန်မာစိတ်တို့မွေးမြူပြီး နိုင်ငံတော်ကို စုပေါင်းကာကွယ်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ တပ်မတော်အနေဖြင့် လားရှိုး၊ နောင်ချို၊ ကျောက်မဲ၊ သီပေါနှင့် မိုးကုတ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **နယ်စပ်ဒေသစီမံခန့်ခွဲရေးကိစ္စရပ်များသည် နှစ်နိုင်ငံ အစိုးရများမှ ဆောင်ရွက်ရခြင်းဖြစ်**ကြောင်း၊ **နယ်စပ်ကုန်သွယ်ရေးကို နှစ်ဖက်အစိုးရဌာနများကသာ ကြီးကြပ်ဆောင်ရွက်ရခြင်းဖြစ်**ကြောင်း၊ **အချို့နယ်စပ်ဒေသများတွင် စီမံခန့်ခွဲမှုများ ချို့ယွင်းမှုဖြစ်ပေါ်လျက်ရှိသည်ကိုတွေ့ရှိရသဖြင့် ပုံမှန်အခြေအနေသို့ရောက်ရှိအောင် ဆောင်ရွက်ရန်လိုအပ်**ကြောင်း။

မိမိတို့အနေဖြင့် ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့်ပတ်သက်ပြီး နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှရရှိလာသည့် သဘောထားမှတ်ချက်များကို Union Accord အဖြစ် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီးတော့လည်း တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **လက်နက်ကိုင်ပဋိပက္ခသက်ဆိုးရှည်ရေးနှင့် မြန်မာနိုင်ငံအပေါ် ၎င်းတို့လိုချင်သည့် လက္ခဏာမျိုးရရှိစေရန် ပြည်ပနိုင်ငံအချို့သည် လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံရေးသဘောထားကွဲလွဲသူများမှ အကြမ်းဖက်လမ်းစဉ်ဆောင်ရွက်နေကြသည့်အဖွဲ့အစည်းများကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်းမီးကျောက်ရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေးလုပ်နိုင်အောင် ကူညီပေးလျက်ရှိ**ကြောင်း။

## စီးပွားရေးကဏ္ဍ

နိုင်ငံ့စီးပွားမြင့်မားရေး ဆောင်ရွက်ရာတွင်လည်း ကုန်ထုတ်လုပ်မှုများတိုးတက်အောင်ဆောင်ရွက်နိုင်မှသာ နိုင်ငံ၏ GDP များတိုးတက်လာမည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍများတိုးတက်ရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း၊ အခြေခံကုန်ထုတ်လုပ်မှုမရှိဘဲ GDP တက်လာရန် မဖြစ်နိုင်ကြောင်း၊ မိမိတို့တာဝန်ယူသည့်အချိန်က ကိုဗစ်-၁၉ ပြင်းထန်စွာဖြစ်ပွားနေပြီး စီးပွားရေးကျဆင်းနေသည့်ကာလဖြစ်ကြောင်း၊ **၂၀၂၀-၂၀၂၁ ခုနှစ် GDP တိုးတက်မှုသည် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းရှိရာမှ ရှိထားသည့် အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထား အားသွန်ခွန်စိုက်ဆောင်ရွက်မှုကြောင့် ၂၀၂၁-၂၀၂၂ ခုနှစ် ၆ လတာတွင် အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့**ကြောင်း၊ **၈ ဒသမ ၃ ရာခိုင်နှုန်းမျှတက်လာခြင်းဖြစ်**ကြောင်း၊ **၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်း စီးပွားရေးတိုးတက်မှုရခဲ့**ကြောင်း၊ **ယခု ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ၃ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေ**ကြောင်း၊ နိုင်ငံ့စီးပွားရေးကျဆင်းပါက ကျန်သည့်အကျိုးဆက်များလည်း ရှိလာမည်ဖြစ်သဖြင့် **ပြည်ပနိုင်ငံအချို့သည် စီးပွားရေးပိတ်ဆို့ခြင်း၊ ဘဏ်များလုပ်ကိုင်နိုင်မှုမရှိအောင်ပိတ်ဆို့ခြင်း၊ နယ်စပ်ကုန်သွယ်ရေးမပြုလုပ်နိုင်အောင် နည်းလမ်းပေါင်းစုံဖြင့် ပြုလုပ်ခြင်း၊ ၎င်းတို့အကျိုးအမြတ်ရရှိရေး၊ လက်ဝါးကြီးအုပ်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို နည်းလမ်းပေါင်းစုံနှင့် အားပေးကူညီခြင်းများ ပြုလုပ်နေသည်ကိုတွေ့ရှိရ**ကြောင်း၊ ထို့ကြောင့် အခြေခိုင်ပြီးဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းမှထုတ်ကုန်များ ထုတ်လုပ်မှုမြင့်မားစေရေး အဓိကတွန်းအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို အားပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးတောင်သူအားလုံးကို အထူးကျေးဇူးတင်ကြောင်းကို ပြောကြားလိုကြောင်း။

ပြီးခဲ့သည့် ဧပြီလအတွင်း မသမာသူ ဝိသမစီးပွားရေးသမားများအနေဖြင့် ငွေကြေးတန်ဖိုးကမောက်ကမဖြစ်စေရန် ဆောင်ရွက်ခဲ့သောကြောင့် ရွှေဈေးနှင့်ငွေကြေးဈေးနှုန်းများ သဘာဝမကျဘဲ အဆမတန်ပြောင်းလဲလာအောင်ဆောင်ရွက်ခြင်း၊ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများလုပ်ဆောင်ခြင်း၊ ဘဏ်စနစ်များ ထိခိုက်ပြိုလဲအောင်လုပ်ဆောင်ခြင်း၊ ငွေကြေးများကမောက်ကမဖြစ်အောင် လုပ်ဆောင်ခြင်းများကိုဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရသောကြောင့် လိုအပ်သည့်စည်းကမ်းဥပဒေနှင့်အညီ စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ **ငွေကြေးတန်ဖိုးတက်ခြင်း၊ ကျခြင်းထက် ငွေကြေးခိုင်မာမှုရှိစေရန် လိုအပ်သောကြောင့် ငွေကြေးခိုင်မာမှုရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

မိမိတို့တာဝန်ထမ်းဆောင်ခဲ့သည့်ကာလအတွင်း နိုင်ငံတော်တွင် စားသုံးဆီနှင့် စက်သုံးဆီကိစ္စများနှင့်ပတ်သက်ပြီး ပြည်သူလူထုက စိုးရိမ်စိတ်မြင့်မားအောင် ဝိသမလောဘသားများက ကောလာဟလများဖြန့်ပြီး လုပ်ဆောင်ခဲ့သည့် ဖြစ်စဉ်များစွာရှိခဲ့သဖြင့် မိမိတို့အနေဖြင့် မှန်ကန်သည့်လုပ်ဆောင်ချက်များ၊ တိကျပြတ်သားသည့်မူများချမှတ်ပေးပြီး ပြည်သူလူထုအဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆန်နှင့်ပတ်သက်၍လည်း ဈေးနှုန်းကမောက်ကမဖြစ်လာနိုင်ဖွယ်ရှိသည်ကို သုံးသပ်တွေ့ရှိရသည့်အတွက် လိုအပ်သောစစ်ဆေးမှုများဆောင်ရွက်ခဲ့ပြီး ဆန်ဈေးနှုန်းတည်ငြိမ်စေရန် ဆောင်ရွက်ခဲ့ကြောင်း၊ အခြေခံပြည်သူလူထုစားရေးကိစ္စအဆင်ပြေစေရန် မိသားစုအလိုက်လိုအပ်နိုင်မည့် ဆန်ပမာဏများကို နိုင်ငံတစ်ဝန်းရောင်းချပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် **နိုင်ငံရေးသည် စီးပွားရေးပင်ဖြစ်သည်ဟုခံယူပြီး ပြည်သူများ စားဝတ်နေရေးပြေလည်မှုမှ တစ်ဆင့် လူနေမှုအဆင့်အတန်းမြင့်မားလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အဓိကရည်မှန်းချက်ထားပြီး ဆောင်ရွက်နေခြင်းဖြစ်**ကြောင်း။

## လူမှုရေးကဏ္ဍ

နိုင်ငံတစ်ခု ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည်အရေးကြီးကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်ပြီး ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ KG+9 အထိ မသင်မနေရသင်ကြားနိုင်ရေးတို့အတွက် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ KG+9 ပြီးမြောက်ပါက KG+10 မှ KG+12 အထိ ၃ နှစ်တာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုဘာသာရပ်များ ဆက်လက်သင်ကြားနိုင်ပါက အခြေခံအလုပ်အကိုင်ကို ရရှိစေမည်ဖြစ်သကဲ့သို့ ဆက်လက်ပညာသင်နိုင်လျှင် ကိုက်ညီသည့် ဒီပလိုမာ/ဘွဲ့များ ရရှိမည်ဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုကျွမ်းကျင်သော လူသားအရင်းအမြစ်များရမည်ဖြစ်ကြောင်း၊ **စနစ်သစ်ပညာရေးအရ KG+12 အတန်းကိုရောက်ပါက အသက်အရွယ်အားဖြင့် အသက် ၁၇ နှစ်၊ ၁၈ နှစ်ဝန်းကျင်ရောက်ရှိသည့်အရွယ်ဖြစ်**ကြောင်း၊ **၁၈ နှစ်ဆိုပါက ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်အရွယ်ဖြစ်**ကြောင်း၊ **ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်မည်ဆိုပါက ဥပဒေကိုနားလည်ရန်လို**ကြောင်း၊ **ထို့ကြောင့် အဆိုပါအတန်း၊ အဆိုပါအရွယ်ကတည်းက ဥပဒေဗဟုသုတများကြွယ်ဝနေအောင် ဆွေးနွေးသင်ကြားဆောင်ရွက်ရန်လို**ကြောင်း။

ယခုပညာသင်နှစ်တွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပျမ်းမျှ ၇၀ ရာခိုင်နှုန်းခန့် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အခြေခံပညာအဆင့်ကျောင်းတက်ရောက်မှုအနေဖြင့် မူလစာရင်းသွင်းထားသူများအနက်မှ ၉၂ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် ရာနှုန်းပြည့်ကျောင်းတက်နိုင်ရေးနှင့် ကျောင်းများဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများနှင့်လက်တွဲပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေအသက်ပိုင်းခြားအရ ယခုထက်ပိုပြီး ကျောင်းတက်ရောက်သူဦးရေများရန် လိုအပ်မှုများရှိနေသေးကြောင်း၊ စာသင်ကျောင်းများဖွင့်လှစ်သည့် ဒေသများအားလုံးတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်နိုင်ရေးနှင့် ပညာရေးလမ်းကြောင်းပေါ်ကိုရောက်ရှိရေး ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

၂၀၂၃ ခုနှစ်မှစပြီး ပညာရေးညီလာခံကို ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ပြီးခဲ့သည့်လက ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ပညာရေးညီလာခံများမှရရှိသည့် ဖော်ထုတ်ချက်များကို မြန်မာနိုင်ငံပညာရေးကဏ္ဍမြင့်မားရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် ပညာရေးအပေါ်တွင် အခြေခံခြင်းကြောင့် ပညာရေးအဆင့်တိုးတက်လာရန် ပညာရေးဝန်ထမ်းများအပြင် ကျောင်းသား/ကျောင်းသူများ၊ မိဘများနှင့် အုပ်ချုပ်သူအဖွဲ့အစည်းများကပါ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လို**ကြောင်း၊ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** လို့ဆိုသည့်အတိုင်း ကျောင်းစည်းကမ်းလိုက်နာခြင်းမှစပြီး ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာတတ်သည့်၊ နိုင်ငံကြီးသားကောင်းပီသသည့် အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာအောင် သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း။

ကျန်းမာရေးကဏ္ဍမြင့်တင်မှုနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ယခုထက်ပိုမိုမြင့်မားလာစေရေး ယခုဘဏ္ဍာနှစ်အတွင်း မြို့နယ်ဆေးရုံနှင့်အထက် ဆေးရုံများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ဆေးရုံသုံးစက်ကိရိယာများဖြည့်တင်းရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ **ယခုနှစ်အတွင်း ဆေးရုံသုံးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းခြင်းနှင့် ဆေးရုံများတိုးချဲ့ဆောက်လုပ်ခြင်းအတွက် သီးသန့်ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၂၂ သန်းနှင့် ကျပ်ငွေ ၁၁၆ ဒသမ ၈ ဘီလီယံကို အသုံးပြုသွားမည်ဖြစ်**ကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်ပြီး လစ်လပ်သွားခဲ့သည့် ကျန်းမာရေးဝန်ထမ်းနေရာများကို ပြည့်မီစွာပြန်လည်ခန့်အပ်နိုင်ရန်အတွက် **"ဆေးရုံတိုင်း ဆရာဝန်ရှိရမည်"** ဆိုသည့်မူကိုချမှတ်ပြီး မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးဝါဒမှိုင်းကြောင့် တာဝန်မှ လုပ်ငန်းခွင်စွန့်ခွာသွားသည့် ကျန်းမာရေးဝန်ထမ်းများ၏ နေရာများတွင် ပြန်လည်အစားထိုးခန့်အပ်ပေးနိုင်ရန် အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်း ဆေးပေးခန်း ၇၂၇၈ ခုနှင့် ဆေးရုံပေါင်း ၇၅၇ ရုံတွင် ကျန်းမာရေးဝန်ထမ်း ၆၈၂၅၈ ဦးနှင့် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ လူသားတိုင်း၏ကျန်းမာရေးဆိုင်ရာ အခြေခံရပိုင်ခွင့်များကိုပြည့်ဝစွာရရှိစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်တွင်ပါဝင်သော **"တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"** ဆိုသည့်အချက်ကို အထောက်အပံ့ဖြစ်စေရန် လာမယ့်ဒီဇင်ဘာလအတွင်း၌လည်း ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကိုကျင်းပရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ်မိုးရာသီကာလတွင် ရေကြီးရေလျှံမှုအနည်းနှင့်အများဖြစ်ပေါ်တတ်သည့်နိုင်ငံဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း မိုးဦးကာလအစကတည်းက ယခင်နှစ်များထက် မိုးရွာသွန်းမှုပိုမိုများပြားလာပြီး မြန်မာနိုင်ငံအထက်ပိုင်းမြစ်ကြီးနားဒေသမှစတင်ကာ ရေကြီးရေလျှံမှုများဖြစ်ခဲ့ကြောင်း၊ လက်ရှိအခြေအနေအထိ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါသဘာဝဘေးအန္တရာယ်ကျရောက်နေမှုကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ တာဝန်သိလူမှုအဖွဲ့အစည်းများအားလုံးက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ တက်ကြွစွာဆောင်ရွက်ပြီး ပြည်သူ့အကျိုးသယ်ပိုးလျက်ရှိကြောင်း။

## စားရေရိက္ခာဖူလုံရေး

ကမ္ဘာ့လူဦးရေတိုးတက်လာသည်နှင့်အမျှ စားရေရိက္ခာလိုအပ်မှု Demand ကလည်း အချိုးကျမြင့်တက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရာသီဥတုနှင့် ပထဝီအနေအထားက ကောက်ပဲသီးနှံမျိုးစုံ၊ သစ်သီးဝလံမျိုးစုံနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်သည့် နိုင်ငံဖြစ်ခြင်းကြောင့် ထိရောက်အကျိုးရှိစွာအသုံးချနိုင်ရန်လိုအပ်ကြောင်း၊ **၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မိုးစပါးစိုက်ဧက ၁၅ သန်းကျော်လျာထားပြီး လက်ရှိအချိန်တွင် ပျမ်းမျှ ၇၀ ရာခိုင်နှုန်းနီးပါး စိုက်ပျိုးပြီးဖြစ်**ကြောင်း၊ မိုးသီးနှံများအနေနှင့် မြေပဲ၊ နှမ်း၊ နေကြာစသည့် ဆီထွက်သီးနှံလျာထားဧက ၄ ဒသမ ၆ သန်းကျော်ရှိပြီး ပျမ်းမျှ ၈၁ ရာခိုင်နှုန်းကျော်၊ ပဲအမျိုးမျိုးလျာထားဧက ၃ သန်းကျော်ရှိပြီး ပျမ်းမျှ ၇၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး အဓိကစိုက်ပျိုးသီးနှံများကို သီးထပ်စိုက်ပျိုးမှုဆောင်ရွက်ပြီး ၁ ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်စေလျက်ရှိကြောင်း၊ ထို့ပြင် မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး စနစ်တကျမွေးမြူခြင်းနှင့် မွေးမြူရေးထုတ်ကုန်များ တိုးတက်အောင်ဆောင်ရွက်နိုင်ပါက ပြည်တွင်းသားငါးဖူလုံမှုသာမက ပြည်ပသွင်းကုန်ကို အစားထိုးနိုင်ပြီး အဓိကပို့ကုန်ကဏ္ဍအဖြစ် ပါဝင်လာနိုင်စေသည်အထိ အကျိုးရှိစေနိုင်ကြောင်း။

**မြန်မာနိုင်ငံတွင် မိုးစပါး ၁၅ သန်းနှင့် နွေစပါး ၂ သန်းစိုက်ပျိုးထား**ကြောင်း၊ **လယ်အနေဖြင့် ၂ ရပ်ပေါင်း ၁၅ သန်းခန့်စိုက်ပျိုးထားသည့်အတွက် ၁ ဧက ပန်းတိုင်ရည်မှန်းချက်တင်း ၁၀၀ ထွက်ပါက လူဦးရေသန်း ၁၀၀ စာအတွက် ဝမ်းစာဖူလုံမှုရှိ**ကြောင်း၊ ယင်းသည် **တစ်သီးသာဖြစ်ပြီး သီးထပ်စိုက်ပါက သန်း ၂၀၀ စာအတွက် ဖူလုံမှုရှိ**ကြောင်း၊ ထို့ကြောင့် လယ်စပါးစိုက်ပျိုးခြင်းကပင် ဆန်ပိုလျှံမှုများစွာရှိပြီး ပြည်ပဝင်ငွေများစွာရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အခြား ဝါ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများလည်း ပန်းတိုင်ရည်မှန်းချက်ရအောင် ဆောင်ရွက်နိုင်ပါက စိုက်ဧကမတိုးချဲ့ဘဲနှင့်ပင် များစွာပိုလျှံမည်ဖြစ်သည့်အတွက် အားသွန်ခွန်စိုက်အလုပ်လုပ်ကြရန်နှင့် လုပ်နိုင်အောင် ဖန်တီးပေးရန်ပင်လိုကြောင်း။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူ ၄၁ ဒသမ ၂ ရာခိုင်နှုန်းသည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေကြကြောင်း၊ အဆိုပါနယ်ပယ်တွင် ရှိကြသည့် လုပ်သားအင်အားကို လူသားအရင်းအမြစ်ကောင်းများအဖြစ် မွေးထုတ်ပေးရန်

စာမျက်နှာ ၁၄ သို့ ★

❖ ရွေးကောက်ပွဲကျင်းပရေးသည် မိမိတို့အစိုးရ၏ မည်သည့်အခါမျှမပြောင်းလဲသော ရည်မှန်းချက်ပင်ဖြစ်၊ ထို့ကြောင့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေး ပြင်ဆင်မှုများဆောင်ရွက်နေပြီဖြစ်၊ မိမိအနေဖြင့် ချမှတ်ထားသည့်ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်ကို ထပ်လောင်းအတည်ပြုပြောကြားလို . . .

❖ တပ်မတော်သည် ပြည်သူလူထုမှပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုဖြစ်၊ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ရန်၊ နိုင်ငံတော်ကို ကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်၊ ထိုကဲ့သို့ ပြည်သူ့အတွက်၊ နိုင်ငံအတွက် ဦးထိပ်ထားဆောင်ရွက်ခြင်းသည် တရားသောစစ်ကိုဆင်နွှဲနေခြင်းဖြစ် . . .





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)ကျင်းပစဉ်။

★ ရှေ့ဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ကြသည်။

ဦးစွာ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို သက်တမ်းတိုးတာဝန်ယူခဲ့သည့် ၆ လတာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယာယီသမ္မတ တာဝန်ဝတ္တရားများလွှဲပြောင်းခြင်းဆိုင်ရာကိစ္စကို ဦးစွာပြောကြားလိုကြောင်း၊ ယာယီသမ္မတ ဦးမြင့်ဆွေ အနေဖြင့် အာရုံကြောအားနည်းမှုခံစားရသောကြောင့် ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး အထူးကုပါရဂူကြီးများပါဝင်သည့် ဆေးကုသမှုအဖွဲ့ဖြင့် ဆေးကုသမှုခံယူခဲ့ကြောင်း၊ အလားတူ ဝဲ၊ ယာမျက်စိများ၌ ဖြစ်ပွားလျက်ရှိသည့်အတွင်းတိမ်များကို ခွဲစိတ်ကုသခဲ့ရာ အမြင်အာရုံ ပြန်လည်ကောင်းမွန်လာခဲ့သော်လည်း အာရုံကြောအားနည်းရောဂါကို ဆက်လက်ခံစားနေရကြောင်း၊ ကျန်းမာရေးစစ်ဆေးမှုကို ပြုလုပ်ခဲ့သည့်အခါ ကျန်းမာရေးအခြေအနေသည် တိုးတက်ကောင်းမွန်လာခြင်းမရှိသေးဘဲ အစားအသောက်စားသုံးခြင်းအပါအဝင် နေ့စဉ်ပုံမှန်သွားလာလှုပ်ရှားမှုကို လုပ်ဆောင်နိုင်မှုမရှိသေးသည့်အတွက် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် ၁၁၃၀ အချိန်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ရန်အလို့ငှာ တာဝန်လွှဲပြောင်းခြင်း ပြုလုပ်ခဲ့သည်ကို တင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေကြေညာမှု၊ ပုဒ်မ ၄၁၂ အရ အရေးပေါ်အခြေအနေကြေညာမှု ယင်းနှစ်ခုကို ဆက်စပ်ကြည့်မည်ဆိုပါက အရေးပေါ်ကာလမပြီးမြောက်သေးသည့် ကာလအတွင်း၌ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတွင်ပါဝင်သည့် ပုဂ္ဂိုလ်အချို့လစ်လပ်သွားစေကာမူ ကျန်ရှိသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားသည့် တာဝန်များကို မလွဲမသွေ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယာယီသမ္မတ၏ ကျန်းမာရေးအခြေအနေအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကို ယာယီသမ္မတ မတက်ရောက်နိုင်သည် **အစည်းအဝေးကို ဦးဆောင်ရန်ဖြစ်**ကြောင်း၊ **ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရလည်း နိုင်ငံတော်၏အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတကိုယ်စား ကျင့်သုံးဆောင်ရွက်လျက်ရှိမှုသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သာဖြစ်**ကြောင်း၊ **ထို့ကြောင့်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဆွေးနွေးတင်ပြစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆွေးနွေးတင်ပြစဉ်။



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဆွေးနွေးတင်ပြစဉ်။



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဆွေးနွေးတင်ပြစဉ်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဆွေးနွေးတင်ပြစဉ်။

ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့် **ယာယီသမ္မတလစ်လပ်သွားပါက ပုဒ်မ ၄၁၂(ခ) နှင့် ပုဒ်မ ၄၁၈(ခ)တွင်ပါရှိသည့် အခြေခံဥပဒေ၏ သဘောတရားများအရ နိုင်ငံတော်၏ကိစ္စရပ်များကို အဓိကအဆုံးအဖြတ်ပေးရသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ နိုင်ငံတော်၏အုပ်ချုပ်ရေးအာဏာကို သမ္မတကိုယ်စား လက်တွေ့ကျင့်သုံးဆောင်ရွက်နေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို လွှဲပြောင်းခဲ့ခြင်းဖြစ်**ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် **(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို တစိုက်မတ်မတ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ကို စတင်တာဝန်ယူချိန်ကတည်းက မဲမသမာမှုများအတွက် ရွေးကောက်ပွဲကျင်းပခဲ့သည့်မြို့နယ်များရှိ မဲစာရင်းများကို အသေးစိတ်စစ်ဆေးခဲ့ကြောင်း၊ မဲမသမာမှုပြုလုပ်ခဲ့သူ တာဝန်ရှိသူများသည် ဝန်ခံခြင်းမပြုသော်လည်း သက်သေများနှင့် စစ်မေးသည့်အခါ ပေါ်လွင်ထင်ရှားသည်ကိုတွေ့ရှိသောကြောင့် စစ်ဆေးတွေ့ရှိသည့် မဲမသမာမှုဆိုင်ရာတွေ့ရှိချက်များကိုထုတ်ပြန်ခဲ့ပြီး တာဝန်ရှိသူများကိုလည်း ဥပဒေအတိုင်း အရေးယူခဲ့ကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ဆောင်ရွက်ခဲ့ပြီး **မူလရည်ရွယ်ချက်သည် အရေးပေါ်ကာလ(၂)နှစ်ပြီးပါက ရွေးကောက်ပွဲကျင်းပပေးရန်ဖြစ်**ကြောင်း၊ **ရွေးကောက်ပွဲကျင်းပရန် မည်သို့မျှအခြေအနေမပေးသောကြောင့် သက်တမ်းကာလ(၂)နှစ်ပြည့်ပြီးနောက် အရေးပေါ်အခြေအနေ ထပ်မံကြေညာခဲ့ရ**ကြောင်း၊ အချိန်အခါနှင့်ကိုက်ညီသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ပြင်ဆင်ချမှတ်ခဲ့ကြောင်း၊ ပြင်ဆင်ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ နောက်ဆုံးအချက်သည်လည်း ရွေးကောက်ပွဲကျင်းပရေးပင်ဖြစ်ကြောင်း၊ **ရွေးကောက်ပွဲကျင်းပရေးသည် မိမိတို့အစိုးရ၏ မည်သည့်အခါမျှမပြောင်းလဲသော ရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေးပြင်ဆင်မှုများဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိအနေဖြင့် ချမှတ်ထားသည့် ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်ကို ထပ်လောင်းအတည်ပြုပြောကြားလို**ကြောင်း။

### တိုင်းပြည်သာယာဝပြောရေးနှင့် ပတ်သက်သည့်လုံခြုံရေးကဏ္ဍ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရယူပြီးသည့်နောက်ပိုင်း တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးလမ်းကြောင်းကို ဦးတည်ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း NUG၊ CRPH ၊ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ပြည်သူများကို အကြောက်တရားလွှမ်းမိုးလာစေရေး အကြမ်းဖက်လုပ်ရပ်များကို တရားလက်လွတ် ဥပဒေမဲ့ ယခုအချိန်ကာလအထိ လုပ်ဆောင်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်အထိ နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဟန်း/သံဃာ ၈၄ ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ/နိုင်ငံ့ဝန်ထမ်း ၇၂၈၄ ဦး သေဆုံးခဲ့ရကြောင်း၊ ပညာရေး/ကျန်းမာရေးနှင့် လူနေအဆောက်အဦအပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦ ၁၀၉၃၀ လုံးတို့ကိုဖျက်ဆီးခြင်းခံခဲ့ရပြီးဖြစ်ကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးကိုမလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့်လည်း လက်နက်ကိုင်အကြမ်းဖက်သည့်လမ်းစဉ်ကို အခြေခံပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် နည်းလမ်းမျိုးစုံဖြင့် ဆက်လက်ပြုလုပ်နေကြောင်း၊ မိမိအနေဖြင့် EAO အဖွဲ့များကို ခေါ်ယူတွေ့ဆုံခဲ့ရာတွင် ၎င်းတို့အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို လက်ခံသဘောတူကြောင်းကို ပြောကြားခဲ့ကြောင်း၊ သို့သော် ယခုအချိန်တွင် အချို့ EAO များအနေဖြင့် ဒို့တာဝန်အရေး သုံးပါးကို ချိုးဖောက်နေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကာကွယ်ရေး၊ အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိကြောင်း၊ မိမိအနေဖြင့် ယခင်ကတည်းက ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ပြီး နိုင်ငံတော်၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေသော်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံရေးကိစ္စကိုအကြောင်းပြပြီး လက်နက်ကိုင်အကြမ်းဖက်သည့် နည်းလမ်းများနှင့်ဖြေရှင်းဆောင်ရွက်နေကြသည်ကိုတွေ့ရှိရကြောင်း၊ ၎င်းတို့အနေဖြင့် ပြည်ထောင်စုနှင့်အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းရေးထက် နယ်မြေအလိုက် အာဏာရရှိရေးဆောင်ရွက်နေသည်ကိုတွေ့ရကြောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းတွင် အကြမ်းဖက်လမ်းစဉ်ကျင့်သုံးပြီး အကျပ်ကိုင်တောင်းဆိုခဲ့သည့် ဖြစ်စဉ်များရှိခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြသကဲ့သို့ မည်သူတစ်ဦးတစ်ယောက်အတွက်မျှ အကျိုးအမြတ်မရရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

❖ လက်နက်ကိုင်ပဋိပက္ခသက်ဆိုးရှည်ရေးနှင့် မြန်မာနိုင်ငံအပေါ် ၎င်းတို့လိုချင်သည့်လက္ခဏာမျိုးရရှိစေရန် ပြည်ပနိုင်ငံအချို့သည် လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံရေးသဘောထားကွဲလွဲသူများမှ အကြမ်းဖက်လမ်းစဉ်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်းမီးကျောက်ရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေးလုပ်နိုင်အောင်ကူညီပေးလျက်ရှိ . . .

❖ ပြည်ပနိုင်ငံအချို့သည် စီးပွားရေးပိတ်ဆို့ခြင်း၊ ဘဏ်များလုပ်ကိုင်နိုင်မှုမရှိအောင် ပိတ်ဆို့ခြင်း၊ နယ်စပ်ကုန်သွယ်ရေးမပြုလုပ်နိုင်အောင် နည်းလမ်းပေါင်းစုံဖြင့် ပြုလုပ်ခြင်း၊ ၎င်းတို့အကျိုးအမြတ်ရရှိရေး၊ လက်ဝါးကြီးအုပ်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို နည်းလမ်းပေါင်းစုံနှင့် အားပေးကူညီခြင်းများ ပြုလုပ်နေသည်ကိုတွေ့ရှိရ . . .

❖ ငွေကြေးတန်ဖိုးတက်ခြင်း၊ ကျခြင်းထက် ငွေကြေးခိုင်မာမှုရှိစေရန်လိုအပ်သောကြောင့် ငွေကြေးခိုင်မာမှုရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် . . .

❖ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတွင် ငွေကြေးအရင်းအနှီးတတ်နိုင်သူများအနေဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ပါက နိုင်ငံ၏စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည့်အတွက် ဖိတ်ခေါ် . . .

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေးပင်ဖြစ် . . .

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် MNDAA အဖွဲ့နှင့် TNLA အဖွဲ့တို့က ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နှစ်ဖက်သဘောတူထားသည့် ယာယီအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကိုချိုးဖောက်ပြီး တိုက်ပွဲများဖော်ဆောင်လာခဲ့ကြောင်း၊ MNDAA အဖွဲ့အနေဖြင့် လားရှိုးဒေသတစ်ဝိုက်ရှိ နယ်မြေလုံခြုံရေးစခန်းများကို တိုက်ခိုက်ခဲ့သကဲ့သို့ လားရှိုးမြို့အတွင်းကိုလည်း ရှော့တိုက်ဒုံးများဖြင့် နေ့စဉ်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင်လည်း မြို့တွင်းသို့စိမ့်ဝင်ပြီး ပြည်သူ့အသက်အိုးအိမ်စည်းစိမ်များကို ဖျက်ဆီးလျက်ရှိကြောင်း၊ ၎င်းတို့နှင့် မဟာမိတ်ပြုလုပ်ထားသည့် TNLA အဖွဲ့အနေဖြင့်လည်း PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းပြီး နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ မိုးကုတ်ဒေသတို့တွင်ရှိသည့် နယ်မြေလုံခြုံရေးစခန်းများနှင့် မြို့အချို့အတွင်းသို့ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်လာသည့်အတွက် ဒေသမတည်မငြိမ်ဖြစ်ခဲ့ရပြီး ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများသာမက အသက်အန္တရာယ်ပါ ထိခိုက်ဆုံးရှုံးမှုများစွာရှိခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုး၊ ခေါင်းစဉ်အမျိုးမျိုးပြပြီး အေးချမ်းစွာ နေထိုင်နေကြသည့် အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်အပေါ် နေ့စဉ်နှင့်အမျှခြိမ်းခြောက်လာမှုကို ပြည်သူလူထုအနေဖြင့် အလွန်ရွံရှာစက်ဆုပ်နေသည်ကိုလည်း တွေ့ရှိရကြောင်း၊ **တပ်မတော်သည် ပြည်သူလူထုမှပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုဖြစ်**ကြောင်း၊ **ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်၊ နိုင်ငံတော်ကိုကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ **ထိုကဲ့သို့ ပြည်သူ့အတွက်၊ နိုင်ငံအတွက် ဦးထိပ်ထားဆောင်ရွက်ခြင်းသည် တရားသောစစ်ကိုဆင်နွှဲနေခြင်းဖြစ်**ကြောင်း၊ တပ်မတော်၏ တရားသောစစ်ဆင်နွှဲနေသည့်အပေါ်တွင်

**စာမျက်နှာ ၁၅ သို့**★

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW July 31

# National Defence and Security Council Meeting 2/2024 of the Republic of the Union of Myanmar held



National Defence and Security Council Meeting 2/2024 in progress.

The National Defence and Security Council of the Republic of the Union of Myanmar held meeting No 2/2024 at the Office of the State Administration Council Chairman in Nay Pyi Taw this morning.

As the Pro Tem President U Myint Swe is now on medical leave receiving medical treatment, he transferred his duties as a Pro Tem President to Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing in order to carry out the national defence and security council duties as necessary. Hence, the meeting was attended by Pro Tem President (Duty) Commander-in-Chief of Defence Services Senior General Min Aung Hlaing, Speaker of the Pyithu Hluttaw U T Khun Myat, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Union Minister for Defence Admiral Tin Aung San, Union Minister for Home Affairs Lt-Gen Yar Pyae, Union Minister for Border Affairs Lt-Gen Tun Tun Naung, specially invited SAC Secretary Lt-Gen Aung Lin Dway and Joint Secretary Lt-Gen Ye Win Oo.

The Pro Tem President (Duty) and Commander-in-Chief of Defence Services explained the accomplishments of SAC during the six-month period and the need to continue its duties. First he explained the issue of transferring the Pro Tem President duties. He said Pro Tem President U Myint Swe was receiving medical treatment since early 2023 by a team comprising specialist physicians as he was suffering from peripheral neuropathy. Cataract surgery on both of his eyes was successful and his vision improved. However, he was still suffering from peripheral neuropathy. Medical checkup reports showed that his health condition was not improving. In addition, he could not perform his day-to-day activities including food intake. In this regard, the transfer of duties was conducted at 11:30 hours on 22 July 2024 to carry out the national defence and security council duties.

He said if the connections between the two sections of the Constitution -- the section 417 and section 412 – are studied, it can be found that despite of the absence of some of the NDSC members during the time the emergency period was not completed, the task assigned by the Constitution must be fulfilled without failed by the remaining persons. Even if the Pro Tem President cannot attend the NDSC meeting or **his post has become a vacant** for various reasons, **according to the fundamental principles of the Constitution contained in the sections 412(b) and 418 (b), the SAC Chairman Commander-in-Chief of Defence Services, who make final decisions in the national affairs, shall lead the NDSC meeting. Moreover, according to the section 419 of the Constitution the person who exercises the executive power of the State on behalf of the president is the SAC Chairman Commander-in-Chief of Defence Services. In this regard, the executive power of the State was transferred to the SAC Chairman Commander-in-Chief of Defence Services, who is exercising it, in accord with section 419.**

**The SAC will steadfastly implement the adopted five-point roadmap and nine objectives.** Soon after assuming the State duties, the SAC examined the township-wise voter lists to expose vote rigging in the places where election was held. Although those who were involved in ballot rigging never confessed, the SAC could expose the cases when they were proved with firm evidence. It released the findings and took legal action against the persons who were involved in the cases.

**Its original goal is the holding of an election after the completion of the task of implementing the five-point roadmap and nine objectives and a two-year emergency period. Because of the absence of any chances for the election, one more extension of the emergency period has to be declared even after the completion of a two-year period.** The amended five-point roadmap was adopted and its final point is the holding of an election. **Election is the consistent goal of the government in office. Preparations for the election are in progress. The work to successfully hold the election in accord with the goal is reconfirmed.**

**Security that has the relations with national prosperity**

After assuming the State duties in accord with the Constitution, the SAC was steering towards national peace and stability and strengthening the multi-party democracy system in accord with the law. But till now, NGU, CRPH and PDF terrorists are committing terrorism in an anarchic way to terrorize the public. During the period from 1 February 2021 to 27 July 2024, nation-wide terrorist attacks killed 84 monks and 7,284 innocent people/civil servants and destroyed 10,930 units of national development infrastructure including health/education buildings and public residences. Some EAOs, who oppose peace, are applying various means based on armed struggle lines to destroy national peace and stability. During the meeting with EAOs, they told the

See Page - 19

From Page - 18

government that they agreed Our Three Main National Causes. But now, some of them are violating Our Three Main National Causes. Every citizen has the duty to safeguard the nation, especially Our Three Main National Causes. The government activated the existing People's Military Service Law to restore national security, peace and stability at the earliest possible time.

The SAC has been reinforcing the path to genuine and disciplined multi-party democracy. On the other hand, terrorist insurgents are applying armed terrorism means under a certain political cause. They are concentrating more on region-wise power grabbing, than taking part in the march to multi-party democracy together with the Union. Myanmar history saw forced demands underpinned by terrorism, but they all failed and there were no benefactors.

MNDAA and TNLA violated temporary ceasefire agreement agreed by both sides for ensuring peace and stability of the region in Shan State (North) and launched attacks. MNDAA attacked regional security posts around Lashio and fired rockets at Lashio daily. At present, they infiltrate Lashio and are destroying life and property of people. TNLA also joined hands with PDF terrorists and attacked local security posts in Nawnghkio, Kyaukme and Mogok regions and urban area. Their terror attacks cause instability in the region, leaving life and property of local ethnic national people. People very abhor those terrorists due to their daily threats on life and property of the people with the various titles and reasons. **Tatmadaw was born of the people and it is a people's Tatmadaw, which is a part of the State. Tatmadaw makes utmost efforts to defend life and property of the people and the State. Upholding the interests of the people and the State is launching the fair war.** So, I take proud of patriotic youths, organizations, war veterans and ethnic national people who support Tatmadaw for its serving a far war. I would like to urge all to collectively defend the State against insurgents and saboteurs who intentionally attack the State, with united national spirit and Myanmar spirit. Tatmadaw decided to continuously forge peace and stability in Lashio, Nawnghkio, Kyaukme, Hsipaw and Mogok regions. **Border region management measures are under the arrangement of both countries. Likewise, border trade must be done by government departments of both countries. As weak management can be seen at some border regions, it is necessary to carry out all measures into normalcy.**

The government is holding talks with political parties and ethnic armed organizations for restoring durable peace for the Union. The remarks from the talks were recorded as the Union Accords. Moreover, further talks will be held. **Some foreign countries encourage armed insurgents and terrorist organizations from diverse politics with monetary assistance, foods, medicines, arms and ammunition, technologies and logistic opportunities in order to shape Myanmar as expected for ensuring long term of armed conflicts. They also help malicious media to conduct psychological warfare.**

**Economic sector**

In striving for booming State economy, only when the State carries out development of manufacturing will the State GDP improve. So, efforts are being made for development of agriculture, industrial and service sectors. It is impossible for increasing GDP without basic manufacturing. Since its assumption, the government experienced severe outbreak of COVID-19 as well as downtrends of economy. **The GDP growth in 2020-2021 plunged into -5.9 percent. Due to making utmost efforts for development of agriculture and livestock breeding sectors, the country could secure +2.4 percent of GDP in the six-month period of 2021-2022 FY, with 8.3 percent increase. In 2022-2023 financial year, the country won 3.4 percent of GDP and 2023-2024 FY, 3.5 percent of GDP. At present, the government is pouring out its efforts for securing 3.8 percent of GDP growth in current 2024-2025 FY.** If State economy declines, it will bring other bad impacts. So, it can be said that **some countries impose economic sanction against Myanmar, committing more sanctions against banks not to run banking services, block border trade in various ways and means, and encourage ethnic armed organizations from border regions in various ways in order to seek profits and monopolize these areas.** Hence, encouragements are being made for all to increase production in agriculture and livestock farms. It is necessary to support MSME businesses. Hence, the Senior General thanked all farmers from agriculture and livestock farms for their endeavours.

In April, unscrupulous businesspersons committed value of monetary in disorder. So, prices of gold and currency changed unprecedentedly without ordinary process. They also blocked economic process, bankruptcy and monetary affairs in disorder. As such, Verification was conducted over them under necessary disciplines and law. **As it is necessary to ensure firmness of currency rather than inflation, a plan is underway to ensure firmness of currency.**

Many incidents happened that unscrupulous businesspersons spread rumours on cooking oil and fuel for raising panic of the people in the country during the period when the government served its duties. Hence, the government adopted correct measures and precise policies for easing tension of the people. With regard to rice, as a possible situation might occur prices of rice in disorder, necessary investigation was conducted to ensure stability of rice prices. In order to ensure convenience of people in the food supply sector, the volume of rice each family will need are being sold nationwide. Accepting a concept that **the politics is economy, the government set visions to improve living standard of the people with convenience of basic needs such as food, clothing and shelter and to develop the whole nation.**

**Social sector**

Education is crucial for long-term sustainability of a country and its development. Hence, arrangements are being made for all school-age children to learn education and to pursue KG+9 educational scheme as a compulsory measure. Upon completion of KG+9, if students continue learning agriculture, livestock breeding and industrial subjects for three years from KG+10 to KG+12, they will have basic job opportunities. If they are qualified, they will have to continue further learning to obtain necessary diplomas and degrees. If so, the country will have skillful human resources in manufacturing. **According to the new academic system, if students reach KG+12, they may turn around 17-18 years old. If they turn 18, they will be an age of voting. If the country will be democratic, everybody needs to understand legal affairs. Hence, it is necessary to discuss legal affairs for those youths to have a wider scope of legal knowledge.**

In this academic year, it was possible to open basic education schools nationwide at an average rate of about 70 percent. In terms of basic education attendance, more than 92 percent of the originally enrolled students attended, so efforts will continue in collaboration with responsible persons to achieve full attendance and school openings. Due to the demographic distribution of our country, there is a need for more students to attend school than currently. It is necessary to prioritize the attendance of school-aged children and ensure they are on the educational path in all areas where schools are open.

Starting from 2023, the Education Conference was held, and this year it was also held last month. The findings from the Education Conferences will be emphasized and implemented to enhance Myanmar's education sector. **As the future of a nation is based on education, it is necessary for not only education staff but also students, parents, and governing bodies to collaborate and work together for educational progress. As the saying goes, "National discipline starts from school discipline,"** so it is essential to teach and instill respect for laws and regulations and to develop good habits and proper conduct to become exemplary citizens.

Regarding the enhancement of the healthcare sector, the State Administration Council will upgrade district hospitals and above to higher standards within this fiscal year to improve healthcare services. Plans are being made to procure necessary hospital equipment, and **US$-22 million and Ks-116.8 billion from special funds will be used for purchasing hospital equipment and expanding hospital construction within this year.**

To address the vacancies in healthcare staffing, the policy **"Every Hospital Must Have a Doctor"** has been established, and efforts are being made by our government to fulfill this commitment. Due to prioritizing the reappointment of healthcare workers who left their positions due to political reasons, currently, there are 68,258 healthcare workers providing care across 7,278 clinics and 757 hospitals nationwide. Efforts will continue to ensure that everyone fully enjoys their basic healthcare rights. As part of our social objectives, **we aim to support the enhancement of the healthcare and sports sectors to promote long and healthy lives for the entire nation.** In support of this, the fifth national sports festival is planned to be held this coming December.

Our country experiences varying degrees of flooding during the rainy season every year. This year, from the start of the rainy season, there has been more rainfall than in previous years, leading to floods starting in the northern part of Myanmar, including the Myitkyina region. Currently, there are still floods occurring in the southern parts of Myanmar. The Tatmadaw, the Myanmar Police Force, the Fire Brigade, and responsible social organizations are actively involved in rescue operations, benefiting the public.

**Food Security**

As the world's population increases, the demand for food will proportionately rise. Our country's climate and geographical conditions are conducive to the growth of various crops, fruits, and livestock, making it necessary to utilize these resources effectively. **For the 2024-2025 fiscal year, over 15 million acres of monsoon paddy are planned to be cultivated, with nearly 70 percent already planted.** For other crops, over 4.6 million acres of oil crops like groundnuts, sesame, and sunflowers are planned, with more than 81 percent planted, and over 3 million acres of various pulses are planned, with about 70 percent planted. Efforts are being made to increase the yield per acre by implementing specialized planting practices for major crops. In terms of livestock, systematic breeding and improving livestock products can ensure not only domestic fish sufficiency but also replace imports and become a significant export sector.

**In Myanmar, 15 million acres**

See Page - 20

■■ From Page - 19

**of monsoon paddy and 2 million acres of summer paddy are being cultivated. With approximately 15 million acres of paddy fields, if the target yield of 100 baskets per acre is achieved, it will ensure food security for 100 million people. If double cropping is implemented, food security for 200 million people can be ensured.** Therefore, the cultivation of paddy itself can result in a significant surplus of rice, leading to substantial foreign income. If the targets for other crops like maize, various pulses, and oil crops are also met, a large surplus can be achieved without expanding the cultivated area. Therefore, it is necessary to encourage and facilitate diligent farming.

According to the 2019 interim census, 41.2 percent of the working population aged 15 and above are employed in agriculture, forestry, and fisheries. It is essential to nurture the labor force in these sectors as valuable human resources. The primary economic activity of our country is agriculture and livestock farming. In the livestock sector, if indigenous animals are bred systematically and fed with by-products from agriculture such as rice bran, broken rice, maize, pulse residues, sesame residues, and straw, it can be economically beneficial. Efforts are being made to study and adopt modern agricultural and livestock farming techniques from successful countries to implement them practically.

**Those with financial resources are encouraged to invest in the agriculture and livestock sectors. Such investments will lead to the advancement of the country's agriculture and livestock industries and increase production.** Agriculture and livestock farming are vital economic activities for the nation, and efforts must be made to achieve the target yields.

**Building a Union based on democracy and federalism**

It has been observed that many characteristics of the 2008 Constitution align with a federal system. Firstly, federal principles such as having a legislature and government at the Union and State/Region levels, guaranteeing the existence of States/Regions by the Constitution, and the existence of six self-administered areas with detailed powers and authorities outlined in the Constitution. Additionally, financial distribution and usage between the Union and State/Region levels are explicitly defined in the Constitution. Efforts should be made to effectively utilize the rights provided by the Constitution for regional development. Necessary amendments to the Constitution will also be carried out in accordance with regulations to meet the needs.

The State Administration Council is building the multi-party democratic system with true discipline and the union building process based on democracy and federal system at a rapid pace. In order to facilitate this process, 46 districts have been expanded and established in the regions and states including Nay Pyi Taw, and a total of 121 districts have been established since 2022 to bring about effective administration. Under the leadership of the districts, all townships and regions must be improved. They must make use of the powers that they have received according to the regions, states and districts and try to implement the development of their region. Where this is done, it is necessary for the regions and states to be able to hold elections as much as possible to meet the specified percentage according to the respective regions and states so that the governments formed through elections in their regions will emerge. The necessary security procedures are being implemented by regions and states from now on.

When moving towards a multi-party democratic system, we understand and accept that there are differences of opinion with each other. Because no country and society will accept the demand made by violence and armed, they must only demand according to the law. While the law has not yet been promulgated before the Parliament, the Union will issue decrees and directives that are in effect as law and will be implemented for the regions and states. **The construction of a union based on democracy and federal system must be requested only in accordance with the law and must be implemented only in accordance with the procedure.**

**Strengthening the multi-party democratic system**

**The ultimate goal of the State Administration Council is to hold a free and fair multi-party democratic general election.** In order for them to hold an election successfully, it is necessary to obtain valid basic voting lists. Due to the mistakes in the balloting in the 2020 general election, which was a very bad stigma in the history of the country, the balloting must be corrected as much as possible to prevent it from happening again. Necessary preparations are being made to ensure the correctness of the voting lists, and the population and household census will be conducted in October. Preparations are being made in advance to be able to successfully collect and solve the difficulties that may be encountered in the collection.

We will collect the lists on the ground nationwide as a priority, and for those areas where it is difficult to conduct field surveys, the records on the ground should be used as much as possible until the closest match is found. The towns and villages that can be polled will be polled first, and the related townships will be polled with security. The election will be held in accordance with the 2008 Constitution and election laws. Depending on the regional security situation, the event will be held first in the areas that can be held, and in the areas that have not been able to be held due to the recent security situation, security measures will be taken to improve and continue to be held. Only with stability and peace will we be able to strengthen the multi-party democratic system and quickly implement the correct reform process. Therefore, **we will continue to speed up what should be done in terms of security.**

The Union Election Commission has approved the registration of 50 political parties out of the 67 political parties that applied for re-registration and newly established registration, and 2 political parties have been canceled in accordance with the law, so there are currently 48 existing political parties.

The Union Election Commission was giving clarifications and practical demonstration test voting to 107,299 local residents in a total of 121 townships in 5 regions and states, including Nay Pyi Taw, regarding the Myanmar Electronic Voting Machine, in order to make voting convenient and transparent for voters.

The State Administration Council has already guaranteed that it will continue to walk on the path of multi-party democracy and strengthen the multi-party democratic system. At present, **the so-called terrorist groups NUG and PDF are increasing their terrorist attacks by receiving support from countries that do not want the benefit of Myanmar.** It is obvious that some armed groups who do not want peace and democratic culture are increasing illegal actions and territorial expansion activities. Therefore, it is necessary to continue to improve the peace and security conditions of the entire country, to continue the ongoing national development activities without slowing down, and to successfully implement the preparatory activities necessary to hold a multi-party democratic general election, and the processes to be carried out continuously. Therefore, in order to carry out the work to be done as stated above in accordance with Article 425 of the Constitution, the State Administration Council is required to extend the term of office for another six months period.

After that, the members of the National Defence and Security Council discussed the presentations of the Pro Tem President (Duty) Commander-in-Chief of the Defence Services, Speaker of the Pyithu Hluttaw U T Khun Myat, said that he would like to discuss a little about the population and household contents census that will be conducted soon. The population and household census is an important task that must be carried out for our country. The main requirement for the successful holding of the multi-party democratic general election to be held in the future is that accurate and correct voting lists must be based on the national census data. Census work and basic voter registration work are related activities. The population and household census will be conducted nationwide from October 1 to 15. According to the nature of the work, the census taking process has to be carried out step by step. Since it will take a certain amount of time to implement such a step-by-step process, he presented and discussed that he supported the extension of the period of the state of emergency declared for the entire country by another six months from August 1, 2024.

Then, the Vice-Senior General joined the discussions, saying first of all, he supported assumption of acting president (duty) by the Chairman of the State Administration Council Commander-in-Chief of Defence Services in accordance with Sections 412, 417, 419 and 425 of the constitution due to health reasons of acting president U Myint Swe. Second, he said security measures of the State have not been currently accomplished and conducting a population census is an important task. Therefore, he supported the extension of the state of emergency in the entire country for another six months to continue to carry out the tasks.

Then, Union Minister for Defence Admiral Tin Aung San said the SAC government placed emphasis on stability of the State during the extended period of the state of emergency. Terrorists have been trying to undermine stability and the rule of law attacking not only security outposts but also towns and villages resided by the general public in Shan State (North), Mandalay Region and Rakhine State with rockets and drones since early July, 2024. The Tatmadaw has to assume the duties of the State inevitably and efforts are being made to hold a free and fair multi-party democracy general election without fail after stability and security of the State have been restored and to systematically transfer the State power to the government that will emerge in the future. It is necessary to extend the state of emergency to continue to carry out tasks to restore security and stability of the State to enable the public to cast their votes independently and freely in the multi-party general election. He said, therefore, he supported extension of the state of emergency in the entire country for another six months.

Then, Union Minister Home Affairs Lt-Gen Yar Pyae said assorted weapons, ammunition and mines have so far been seized in respective regions and states in 2024. To restore security, the rule of law and local tranquility in certain townships in regions and states more effectively, measures are being taken by invoking martial law as well as Section 144 of the Criminal Procedure Code. Saying that armed violence erupted in 2024 and the

See Page - 21 ■■

From Page - 20

situation of security, stability and community tranquility has not returned to normal, he supported the extension of the state of emergency in the entire country for another six months in accordance with Section 425 of the constitution.

Afterward, Union Minister for Border Affairs Lt-Gen Tun Tun Naung said it can be seen that the SAC was able to implement tasks for security, the rule of law, prosperity and security of food, water and basic needs of the State during the previous six months period of extension of the state of emergency to a certain extent. However, there are tasks to be carried out including tasks for security, stability and conducting population census to hold a free and fair multi-party general election successfully, one of the objectives of the Five-point Road Map to build a union based on democracy and federalism and to strengthen the multi-party democracy system and it can be seen that it will take a certain period of time to continue to carry out such tasks. He, therefore, said he supported the proposal of the Commander-in-Chief of Defence Services to allow the SAC to assume its duties of the State for another six months in accordance with Section 425 of the constitution.

Then, the Senior General made additional remarks, saying conducting a population and household census is not a process that can be accomplished within a short time. Under the current circumstances, it is necessary to carry out tasks and verification phase by phase. Voters' lists must be compiled based on the resulting population census as comprehensively as possible. As there are security weaknesses in some regions and states, measures must be taken to improve security to conduct the population census. In connection with the election, measures must be taken by setting priorities for respective areas based on the security situation. Efforts will be made for the emergence of respective Hluttaws and the government. It is important for the country to continue to take the correct democracy path successfully.

Then, in talking about the reports, the Senior General said he would like to express thanks to members of the National Defence and Security Council who attended the NDSC meeting today as they discussed current developments of the State in respective sectors including defence, security, economic, social and other general affairs comprehensively.

As the council is required to continue to take the democracy path aspired by the people without fail, a free and fair multiparty democracy general election must be certainly held successfully. In holding the general election, it is necessary to compile correct and valid voters' lists so as not to repeat voting irregularities during the 2020 general election. Therefore, concerted efforts must be made by all to successfully conduct the population and household census in the upcoming October. Only when elections can be held in respective regions and states in the entire country comprehensively, will the union government, the Pyithu Hluttaw, the Amyotha Hluttaw and state and regional Hluttaws and governments emerge. To enable them to emerge, measures must be taken to improve stability, the rule of law and security matters to ensure stability to hold elections. I agree with the proposals of members of the NDSC council to take sufficient time to be able to do so.

As the members of the NDSC have made a decision to extend the state of emergency for another six months based on current political developments in the country, I hereby declare **the extension of the state of emergency in the entire country for another six months** in accordance with Section 425 of the constitution. Then, the NDSC meeting (2/2024) concluded. **100**

AGRICULTURE

# Farmers harvest more than 3,000 acres of butter bean in Kalay District

The statistics of Kalay District Agriculture Department stated that a total of 3,270 acres of butter bean has been harvested as cold season in Kalay District of Sagaing Region.

In 2023-2024 financial year, Kalay District started harvesting of butter bean. So far, local farmers have harvested 3,211 acres of butter bean in Kalay Township and 959 acres in Mingin Township, totalling 3,270 acres, yielding 18.09 baskets per acre.

"Now, farmers are harvesting remaining butter bean plantations in the district. Local farmers grow butter bean due to fetching good prices," said U Aung, Head of Kalay District Agriculture Department.

Farmers cultivated 3,270 acres of butter beans till the end of December 2023 exceeding the target of 3,247 acres in Kalay District in 2023-2024 financial year. Some farmers planted butter bean only but some mixed some crops in butter bean plantation.

Relevant township agriculture departments assist local farmers in growing butter bean with agricultural techniques to boost per-acre yield, use of quality strains of crops and spraying pests in addition to post-harvest technology. **SK**

AGRICULTURE

# More than 60,000 acres of winter sesame harvested in Yinmabin District

A total of 65,094 acres of winter sesame has been harvested in Yinmabin District of Sagaing Region,according to the statistics of Yinmabin District Agriculture Department.

Local farmers started harvesting in February 2024 on 65,094 acres of winter sesame with 12.62 basketsper acre.

"So far, local farmers have reaped all sown acreage of sesame. Our department helped local farmers use GAP system for boosting per-acre yield," said Daw Myate Moe Win, Head of Yinmabin District Agriculture Department said.

In Yinmabin District, Yinmabin Township harvested 8,024 acres of sesame, Kani Township, 21,055 acres, Salingyi Township 19,095 acres and Pale Township 16,920 acres.

In 2023-2024 financial year, Yinmabin District earmarked 77,980 acres of sesame but local farmerscultivated 65,094 acres.

Relevant township agriculture departments helped local farmers expand sown acreage of sesame, and use GAP system and quality strains of crops. **SK**

AGRICULTURE

# Bamauk Township completes harvesting of onion and garlic

Local farmers have harvested 1,404 acres of onion and garlic grown as cold season in Bamauk Township of Sagaing Region, according to Katha District Agriculture Department.

They started harvesting in Februry at 817 acres of onion and 587 acres of garlic. After harvesting, onion yielded 5,370 viss per acre and garlic 2,011 viss per acre.

"Bamauk Township planted 1,404 acres of onion and garlic and they all have been harvested. These crops yielded high. Our department contacts merchants to purchase onion and garlic at good prices,"said U Myint Soe, Head of Katha District Agriculture Department.

In 2023-2024 financial year, Bamauk Township earmarked cultivation of 551 acres of onion and 482 acres of onion. Starting from October 2023, local farmers planted 817 acres of onion and 587 acres of garlic,totalling 1,404.

Local farmers cost Ks-18 million per acre for onion and Ks-15 million for garlic in cultivation. **SMK**


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နေပြည်တော် ဇူလိုင် ၃၁

# ပြန်ကြားရေးဝန်ကြီးဌာနရှိ ရုံးစာကြည့်တိုက်များနှင့်စာကြည့်တိုက်ကော်မတီအတွက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ၎င်းရေးသားသည့် စာအုပ် ၁၀၀၀ ပေးအပ်လှူဒါန်း



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး (စာရေးဆရာမောင်အောင်) က ပြန်ကြားရေးဝန်ကြီးဌာနရှိ ရုံးစာကြည့်တိုက်များနှင့် စာကြည့်တိုက်ကော်မတီအတွက် စာအုပ်များပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ယခုစာအုပ်သည် ၁၉၇၃ ခုနှစ် တက္ကသိုလ်ကျောင်းသားဘဝ တတိယနှစ်တွင် ရေးသားခဲ့သည့်စာအုပ်ဖြစ်ပါကြောင်း၊ ယင်းစာအုပ်သည် စာပေဗိမာန်ဆုရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဒုတိယအကြိမ်ထုတ်ဝေခဲ့ပါကြောင်း၊ ယခုနှစ်တွင် ထူးခြားစွာဖြင့် "အ"သုံးလုံး သင်တန်းများ ပြန်လည်ဆောင်ရွက်နေသည့်အတွက် ယခုစာအုပ်ကိုထပ်မံထုတ်ဝေရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ၎င်းကိုယ်တိုင်ရေးသားပြုစုထားသော စာပေဗိမာန်ဆုရ "လကွယ်ည၏အလင်းရောင်" စာအုပ်များကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ စာအုပ်များလှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ စာရေးသူအနေဖြင့် ပထမအကြိမ်ကလည်း စိုက်/မွေး/ဆည် စာစုများစာအုပ် အုပ်ရေ ၂၅၀ နှင့်ရင်ထဲကအဖေနှင့်ပတ်သက်သည့် စာစုများ စာအုပ် အုပ်ရေ ၂၅၀ ပေါင်း ၅၀၀ ကို လှူဒါန်းပေးခဲ့ပါကြောင်း၊ ယခုလို စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်နေသည့် အချိန်ကာလတွင် စာအုပ်များလှူဒါန်းပေးခြင်းသည် ကုသိုလ်လည်းရသလို လိုအပ်သည့်လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး (စာရေးဆရာမောင်အောင်)က စာပေဗိမာန်ဆုရ "လကွယ်ည၏ အလင်းရောင်" စာအုပ် ၁၀၀၀ ကို ပြန်ကြားရေးဝန်ကြီးဌာနရှိ ရုံးစာကြည့်တိုက်များနှင့် စာကြည့်တိုက်ကော်မတီအတွက် ပေးအပ်လှူဒါန်းခြင်းဖြစ်ရာ စာအုပ်များကို သက်ဆိုင်ရာစာကြည့်တိုက်များသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

နေပြည်တော် ဇူလိုင် ၃၁

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်အတွင်းရှိ ဆင်အိုံရေလှောင်ကန်သို့ရောက်ရှိပြီး ကန်၏ အရှေ့ဘက်ခြမ်း၌ ရေတားအဖြစ်တည်ရှိသည့် သဘာဝကုန်းတန်းရေကျော်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဆင်အိုံရေလှောင်ကန်သည် ယမန်နေ့ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ကန်၏ အရှေ့ဘက်ခြမ်း၌ ရေတားအဖြစ်တည်ရှိသည့် သဘာဝကုန်းတန်းရေကျော်မှုဖြစ်ပွားခဲ့သည့်အတွက် ရေကျော်နေမှုကို စက်ယန္တရားနှစ်စီးဖြင့် နေပြည်တော်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ



ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ နေပြည်တော် MSME အသင်းမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျေးရွာနေပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက် ၈ နာရီခွဲတွင် ရေကျော်မှုကိုထိန်းနိုင်ခဲ့ပြီးဖြစ်သည်။

ထိုသို့ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကြည့်ရှုအားပေးပြီး ဆင်အိုံရေလှောင်ကန် ရေပိုလွှဲမှရေများ ထုတ်လွှတ်ထားရှိမှုအခြေအနေကို စစ်ဆေးကာ လိုအပ်သည်များ မှာကြားပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ညိုပင်ကျေးရွာအုပ်စု သုံးတန်ကူးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့်နဝကမ္မအလှူငွေများဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အဆိုပါဘုန်းတော်ကြီးကျောင်း၌ လယ်ဝေးမြို့နယ်အတွင်း ယမန်နေ့ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ညိုပင်ကျေးရွာအုပ်စု သုံးတန်ကူးကျေးရွာ၌ ပလွေးချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျလျက်ရှိရာ ကမ်းပါးအနီးရှိ လူနေအိမ်နှစ်လုံး ပြောင်းရွှေ့နေထိုင်ခဲ့ရသည့် မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ပြောင်းရွှေ့ခဲ့ရသည့် လူနေအိမ်နှစ်လုံးအတွက် နေပြည်တော်ကောင်စီမှ ထောက်ပံ့သည့် တစ်အိမ်လျှင် ငွေကျပ် တစ်သိန်းနှုန်းနှင့်ဆန်၊ ဆီ၊ အခြေခံစားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များနှင့်တာဝန်ရှိသူများက နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှထောက်ပံ့သည့် တစ်အိမ်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် နှစ်သိန်း၊ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေများနှင့်ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပစ္စည်းပုံးနှစ်ပုံးကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀)၌ နေပြည်တော်ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ (၃၁) ကြိမ်မြောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လာရောက်ဆေးကုသမှုခံယူသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အာဟာရနှင့်စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အား Clean City၊ Green City၊ Smart City ဖြစ်စေရေး၊ ဝန်ထမ်းအိမ်ရာများနှင့် အပျိုဆောင်၊ လူပျိုဆောင်များသန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ ပလတ်စတစ်ကင်းစင်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)




**ပျောက်ဆုံးကြောင်း**

အောင်ဇော်ဦး(ဘ)ဦးသက်ဦး ၁၂/မဂဒ(နိုင်)၁၁၉၀၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(769123)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၃၈၄၀၅၆၈

**ပျောက်ဆုံးကြောင်း**

ဖြိုးမောင်မောင်သန်း(ဘ)ဦးမောင်မောင်သန်း ၉/ပဥလ(နိုင်)၀၃၇၆၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 084442)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၃၃၃၂၃၄

**ပျောက်ဆုံးကြောင်း**

မတောမယ်(ဘ)ဦးလီရယ် ၂/ဒမဆ(နိုင်)၁၁၅၀၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၂

**ပျောက်ဆုံးကြောင်း**

ကိုကိုဦး(ဘ)ခင်မောင်လတ်(ခ)အဗ္ဗဒူမာလစ် ၉/ခမစ(နိုင်)၀၆၁၀၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၆၈၉၄၁၀

**ပျောက်ဆုံးကြောင်း**

ကျော်မောင်(ဘ)ဦးထွန်းကျင် ၁၄/ဘကလ(နိုင်)၁၆၄၀၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(731265)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၉၃၈၉၃၃၇

**ပျောက်ဆုံးကြောင်း**

နှင်းနှင်းအေး(ဘ)ဦးစိန်ထွန်း ၉/ကပတ(နိုင်)၁၃၅၇၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 388791)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၈၄၁၂၂၂

**ပျောက်ဆုံးကြောင်း**

တင်စိုးအောင်(ဘ)ဦးညွန့်ဝင်း ၁၀/ပမန(နိုင်)၁၆၅၀၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မအေးငြိမ်း(ဘ)ဦးဆန်းဝင်း ၉/လဝန(နိုင်)၂၆၂၄၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မျိုးအောင်(ဘ)ဦးယန်ရှင် ၁/ဗမန(နိုင်)၀၅၄၂၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(YGN 696777)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

မော်စကို၊ ရာဇဝတ်မှု

## ဟားမက်အဖွဲ့အကြီးအကဲ အစ္စမေးဟားနီးယေး တီဟီရန်တွင် လုပ်ကြံခံရ



ဟားမက်အဖွဲ့အကြီးအကဲ အစ္စမေးဟားနီးယေးသည် အီရန်နိုင်ငံမြို့တော် တီဟီရန်၌ လုပ်ကြံသတ်ဖြတ်ခြင်းခံလိုက်ရကြောင်း အဆိုပါစစ်သွေးကြွအဖွဲ့က ဇူလိုင်လ ၃၁ ရက်တွင် ထုတ်ပြန်သည်။

အီရန်အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ထုတ်ပြန်ချက်အရ အစ္စမေးဟားနီးယေးနှင့် ၎င်း၏လုံခြုံရေးမှူးတစ်ဦးသည် ဇူလိုင်လ ၃၁ ရက်အစောပိုင်းတွင် လုပ်ကြံသတ်ဖြတ်ခံရခြင်းဖြစ်ပြီး ဟားမက်အဖွဲ့ကမူ အဆိုပါလုပ်ကြံမှုသည် အစ္စရေးတို့၏လက်ချက်ဖြစ်ကြောင်း ပြောကြားထားသည်။ ဟားနီးယေးသည် အီရန်သမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် ၎င်း၏နေအိမ်၌ လုပ်ကြံခံရခြင်းဖြစ်ကြောင်း ဟားမက်အဖွဲ့က ဆက်လက်ပြောကြားသည်။ အဆိုပါလုပ်ကြံမှုကို အီရန်နိုင်ငံက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ဟားနီးယေးသည် ဟားမက်အဖွဲ့၏ ပေါလစ်ဗျူရိုအကြီးအကဲဖြစ်ပြီး ၎င်းလုပ်ကြံခံရမှုအပေါ် အီရန်၊ ကာတာ၊ တူကီယဲနှင့် ယီမင်နိုင်ငံတို့က ဝေဖန်ပြောကြားထားသည်။ ဟားနီးယေးလုပ်ကြံခံရခြင်းသည် အီရန်နှင့် ပါလက်စတိုင်းတို့ကြားဆက်ဆံရေးကို ပိုမိုခိုင်မာလာစေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

ထို့ပြင် ယခုဖြစ်ရပ်မှာ နိုင်ငံတကာဥပဒေကိုချိုးဖောက်ခြင်းဖြစ်ပြီး ဒေသတွင်း အန္တရာယ်ရှိသော တင်းမာမှုဖြစ်သည်ဟု သဘောထားကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ အလားတူပင် အစ္စရေးနိုင်ငံသည် ငြိမ်းချမ်းရေးလမ်းစဉ်ကိုရှာဖွေခြင်းမရှိကြောင်း၊ ပဋိပက္ခများပိုမိုမကြီးထွားမီ အန္တရာယ်ဖြစ်ပေါ်စေမည့် ဆောင်ရွက်ချက်များကိုရပ်တန့်သင့်ကြောင်း တူကီယဲနိုင်ငံက တိုက်တွန်းထားသည်။

***Ref: Sputnik***

မနီလာ၊ ကာကွယ်ရေး

## အမေရိကန်က ဖိလစ်ပိုင်အား စစ်ရေးအကူအညီအဖြစ် ဒေါ်လာသန်း ၅၀၀ ပေးအပ်မည်



ဖိလစ်ပိုင်နိုင်ငံ၏ စစ်ရေးစွမ်းဆောင်ရည်တိုးမြှင့်ရေးအတွက် စစ်ရေးအကူအညီအဖြစ် ဒေါ်လာသန်း ၅၀၀ ပေးအပ်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ထုတ်ပြန်သည်။

အငြင်းပွားတောင်တရုတ်ပင်လယ်အတွင်း တင်းမာမှုများမြင့်တက်လာစဉ် ဖိလစ်ပိုင်အား အမေရိကန်က စစ်ရေးအကူအညီပေးအပ်မည့် အစီအစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တို့က ဇူလိုင်လ ၃၀ ရက်တွင် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ၊ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး၊ ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးတို့နှင့် တွေ့ဆုံပြီးနောက် စစ်ရေးအကူအညီပေးအပ်မည့် အစီအစဉ်ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်တပ်မတော်နှင့် ကမ်းခြေစောင့်တပ်ဖွဲ့တို့အား အဆင့်မြှင့်တင်မည့် အဆိုပါစစ်ရေးအကူအညီပေးမှုသည် မျိုးဆက်တစ်ခုအတွင်း တစ်ကြိမ်သာလုပ်ဆောင်လေ့ရှိသည့် စစ်ရေးအကူအညီပေးမှုဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး အော်စတင်ကပြောကြားသည်။

ယခုပေးအပ်သည့် အကူအညီသည် ဖိလစ်ပိုင်နိုင်ငံအပေါ် အမေရိကန်အစိုးရ၊ ကွန်ဂရက်နှင့် အမေရိကန်ပြည်သူများက ထောက်ခံလျက်ရှိသည်ဟူသော သတင်းစကားဖြစ်ကြောင်း အော်စတင်က နှစ်နိုင်ငံကြားပူးတွဲပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၁၅ ခုနှစ်မှ ၂၀၂၂ခုနှစ်အတွင်း ဒေါ်လာ ၄၇၅ ဒသမ ၃ သန်းတန်ဖိုးရှိ ပြည်ပစစ်ရေးဆိုင်ရာ ငွေကြေးထောက်ပံ့မှုများအပါအဝင် ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံတန်ဖိုးရှိ စစ်ရေးအကူအညီများကို လက်ခံရရှိခဲ့ကြောင်းသိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးတို့သည် ၎င်းတို့၏ ၁၀ ရက်ကြာ အင်ဒို-ပစိဖိတ်ဒေသခရီးစဉ်အတွင်း ဗီယက်နမ်၊ လာအိုနှင့် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး အမေရိကန်သို့မပြန်မီ နောက်ဆုံးခရီးစဉ်အဖြစ် စင်ကာပူနိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

***Ref: ST***

ချန်ရှာ၊ သဘာဝဘေး

## ဟူနန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၁ ဒသမ ၁၅ သန်း သဘာဝဘေးသင့်ခဲ့ရပြီး ယွမ် ၆ ဒသမ ၁၃ ဘီလီယံခန့်ဆုံးရှုံး



တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ကို လူပေါင်း ၁ ဒသမ ၁၅ သန်းခံနေရပြီး စီးပွားရေးအရ ယွမ် ၆ ဒသမ ၁၃ ဘီလီယံခန့် (ဒေါ်လာ ၈၅၉ ဒသမ ၇၅ သန်းခန့်) ပျက်စီးဆုံးရှုံးခဲ့ကြောင်း အာဏာပိုင်အဖွဲ့က ဇူလိုင်လ ၃၁ ရက်တွင်ထုတ်ပြန်သည်။

ဟူနန်ပြည်နယ်တွင် ပြီးခဲ့သည့်ရက်သတ္တပတ်အကုန်ပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ပြည်နယ်အတွင်းရှိ ဒေသခံ ၉၅၀၀၀ အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ထို့ပြင် ပြည်သူ ၄၉၈၀၀ ဦးမှာ အရေးပေါ်အကူအညီများ လိုအပ်လျက်ရှိကြောင်း ပြည်နယ်ရေကြီးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်မှုလျှော့ချရေးဌာနချုပ်က ထုတ်ပြန်သည့်အချက်အလက်များတွင်ဖော်ပြထားသည်။

ထို့ပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်နယ်အတွင်းရှိ စိုက်ပျိုးသီးနှံဟက်တာ ၁၀၇၅၀၀ ခန့်ပျက်စီးသွားပြီး အခြားဟက်တာ ၁၇၁၀၀ ခန့်မှာ လုံးဝပျက်စီးဆုံးရှုံးသွားကြောင်းသိရသည်။

ပြည်နယ်အနောက်မြောက်ပိုင်းဒေသတွင် လာမည့်တစ်ရက် သို့မဟုတ် နှစ်ရက်အထိ ဆက်လက်၍မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း ပြည်နယ်မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။ ***Ref: Xinhua***

ဝါရှင်တန်၊ စစ်ရေး

## အမေရိကန်က ယူကရိန်းနိုင်ငံသို့ တိုက်လေယာဉ်များတွင်တပ်ဆင်အသုံးပြုသည့်ဒုံးကျည်များ ထောက်ပံ့ပေးမည်ဟုဆို

အမေရိကန်နိုင်ငံသည် ယူကရိန်းနိုင်ငံသို့ တိုက်လေယာဉ်များတွင်တပ်ဆင်အသုံးပြုသည့်ဒုံးကျည်များကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း အမည်မဖော်လိုသူ အမေရိကန်အရာရှိတစ်ဦး၏ပြောကြားချက်ကို ကိုးကား၍ Wall Street ဂျာနယ်ကဖော်ပြသည်။

ယူကရိန်းသို့ပေးအပ်မည့် ဒုံးကျည်များတွင် F-16 တိုက်လေယာဉ်များ၌ တပ်ဆင်အသုံးပြုသည့် HARM၊ AMRAAM၊ Sidewinder ဒုံးကျည်များနှင့် ပဲ့ထိန်းစနစ်များပါဝင်ကြောင်း ဂျာနယ်တွင်ဖော်ပြထားသည်။ အဆိုပါဒုံးကျည်အားလုံးကို လက်ရှိတွင် အမေရိကန်လက်နက်ကိုင်တပ်ဖွဲ့များ၌ အသုံးပြုလျက်ရှိသည်။



တစ်ချိန်တည်းမှာပင် ယူကရိန်းအစိုးရသည် လက်နက်ကိုင်ပဋိပက္ခအတွင်း ၎င်းတို့၏စစ်လေယာဉ်များမှာ တိုက်ခိုက်ဖျက်ဆီးခံရခြင်းကြောင့် F-16 တိုက်လေယာဉ်များအား လွှဲပြောင်းပေးအပ်ကြရန် NATO အဖွဲ့ဝင်နိုင်ငံများအား လပေါင်းများစွာကြာ တောင်းဆိုထားသည်။ ဒိန်းမတ်နှင့် နယ်သာလန်နိုင်ငံတို့သည် ပထမအသုတ် F-16 တိုက်လေယာဉ်များအား ယူကရိန်းသို့ မကြာမီကာလအတွင်းပေးပို့ရန် စီစဉ်ထားသည်။ ထို့ပြင် ဘယ်လ်ဂျီယံနှင့် နော်ဝေနိုင်ငံတို့ကလည်း ယခုနှစ်ကုန်တွင် ယူကရိန်းသို့ F-16 တိုက်လေယာဉ်များပေးပို့မည်ဟု ကတိပြုထားကြောင်း သိရသည်။

HARM ဒုံးကျည်သည် ဝေဟင်မှမြေပြင်ပစ် ဒုံးကျည်အမျိုးအစားဖြစ်ပြီး များသောအားဖြင့် ၎င်းဒုံးကျည်အား ရန်သူ၏ရေဒါစနစ်များအား တိုက်ခိုက်ရာတွင် အသုံးပြုလေ့ရှိကြောင်းသိရသည်။ ***Ref: RT***

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဟန်ချက်ညီညီဆောင်ရွက်ပေး

ဇော်မင်းထွန်း(ကျေးလက်)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံထားလုပ်ကိုင်သော နိုင်ငံဖြစ်သည်နှင့်အားလျော်စွာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် မြှင့်တင်ပေးရန်လိုအပ်ပေသည်။

လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အားသွန်ခွန်စိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပင်ဖြစ်ပေသည်။

**အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးသာမက ကျေးလက်နေပြည်သူများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် တစ်ဦးချင်းစီ၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရမည်ဖြစ်၊ သို့မှသာ ဘက်စုံဖွံ့ဖြိုးတိုးတက်၍ ကျေးလက်နေပြည်သူများ၏ အခြေခံအဆောက်အဦဖွံ့ဖြိုးကာ လူမှုစီးပွားဘဝတိုးတက်ပြီး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ဖြစ်. . .**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်ကပေးအပ်သောတာဝန်များအား တတ်စွမ်းသမျှ ကျရာအခန်းကဏ္ဍမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာတွင် ကျေးရွာပြည်သူလူထု၏ လိုအပ်ချက်များဖြစ်သော အခြေခံအဆောက်အဦများဖြစ်သည့် လမ်း၊ တံတား၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်လိုအပ်ချက်များ ဆောင်ရွက်ပေးသည်နှင့်အညီ ကျေးလက်နေပြည်သူလူထုများ စွမ်းဆောင်ရည်မြှင့်မားရေး၊ အသိပညာ၊ အတတ်ပညာများ တိုးပွားလာစေရေး၊ မိသားစုဝင်ငွေတိုးပွားရေး၊ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုရရှိစေရန် လိုအပ်သော အရင်းမပျောက် လည်ပတ်ရန်ပုံငွေစီမံကိန်းများ၊ စွမ်းဆောင်ရည်မြှင့်သင်တန်းများ၊ အစုအဖွဲ့ဖြင့်ဆောင်ရွက်သည့်စီမံကိန်းလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိရာတွင် ကျေးရွာတစ်ရွာဖွံ့ဖြိုးတိုးတက်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာဖြစ်သည့် အခြေခံအဆောက်အဦကောင်းမွန်သည်သာမက နေထိုင်သည့်ပြည်သူလူထုတို့မှာလည်း စိတ်ပိုင်းဆိုင်ရာဖြစ်သည့် အသိပညာ၊ အတတ်ပညာများတိုးပွား၍ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ပြီး မိသားစုဝင်ငွေတိုးပွား၍ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ဟန်ချက်ညီညီတိုးတက်မှသာ မြို့ပြနှင့် ကျေးလက် လူမှုအဆင့်အတန်းကွာဟချက် လျှော့ချနိုင်မည်ကို တွေ့ရှိဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခု၊ ခရိုင် ၁၆၆ ခု၊ မြို့နယ် ၃၃၀ နှင့် ကျေးရွာပေါင်း ၆၃၀၀၀ ခန့်ရှိပြီး နိုင်ငံတော်လူဦးရေ၏ ၇၀ ဒသမ ၄ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူလူထုများ ဖြစ်ကြသည်။ ကျေးလက်နေလူဦးရေ၏ ၃၀ ဒသမ ၂ ရာခိုင်နှုန်းသည် ဆင်းရဲသူများဖြစ်ကြပြီး နိုင်ငံတကာ ဖွံ့ဖြိုးရေးအတွေ့အကြုံများအရ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအဆောက်အဦလုပ်ငန်းများသာမက မိသားစုဝင်ငွေတိုးပွားရေးနှင့် စွမ်းဆောင်ရည်မြှင့်မားရေးကိစ္စရပ်များကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။

လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုရာ၌ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦများသာမက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ နေ့စဉ်ဝင်ငွေရရှိစေမည့်လုပ်ငန်းများ ဖန်တီးပေးခြင်းဖြင့် စားဝတ်နေရေးအဆင်ပြေကာ လူနေမှုအဆင့်အတန်းမြင့်မားလာရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

**ကျေးလက်နေပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးဟုဆိုလျှင် အခြေခံအဆောက်အဦများဖြစ်သည့် ကျေးရွာ၏လမ်း၊ သောက်သုံးရေ၊ မီးလင်းရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ရုပ်ပိုင်းဆိုင်ရာများကိုသာ သတိထားမိကြသည်။ ပိုမိုပြည့်စုံရန်မှာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရန် ဆောင်ရွက်ပေးခြင်းနှင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ပေးရန် လိုအပ်ပေသည်။ တစ်နည်းအားဖြင့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးသာမက ကျေးလက်နေပြည်သူများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် တစ်ဦးချင်းစီ၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရမည်ဖြစ်သည်။ သို့မှသာ ဘက်စုံဖွံ့ဖြိုးတိုးတက်၍ ကျေးလက်နေပြည်သူများ၏ အခြေခံအဆောက်အဦဖွံ့ဖြိုးကာ လူမှုစီးပွားဘဝတိုးတက်ပြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ဖြစ်ပေသည်။**

ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေအပြင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး နေရာဒေသအလိုက် ဖွံ့ဖြိုးရေးလိုအပ်ချက်များကို စီမံကိန်း၊ စီမံချက်များရေးဆွဲပြီး ဘက်စုံဖွံ့ဖြိုးရေးအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ဦးစီးဌာနအနေဖြင့် ကျေးရွာတစ်ရွာဘက်စုံဖွံ့ဖြိုးတိုးတက်ရေး Green Village၊ Clean Village၊ Smart Village ဖြစ်စေရန်အတွက် စံပြကျေးရွာအဖြစ်ရွေးချယ်၍ ကျေးရွာ၏လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များအား ကျေးရွာနေပြည်သူလူထုများကိုယ်တိုင် ကျေးရွာ၏လိုအပ်ချက်များဖော်ထုတ်ပြီး ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရသည်။

ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးစံပြစီမံကိန်းကို စတင်ဆောင်ရွက်နိုင်ရန် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံတွင်ကျင်းပသည့် 17th ASEAN+3 Submit တွင် Chinese Premier, H.E. Mr. LiKeqiang မှ အဆိုပြုခဲ့မှုအပေါ် ပူးပေါင်းဆောင်ရွက်မှု Action Plan အား ၂၀၁၅ ခုနှစ် 12th SOMRDPE တွင် အတည်ပြုခဲ့၍ ၁၉-၁၁-၂၀၁၇ ရက်နေ့တွင် စီမံကိန်းသဘောတူညီချက်အား လက်မှတ်ရေးထိုးခဲ့သည်။

ဖွံ့ဖြိုးရေးဆောင်ရွက်ပေးသည့် စီမံကိန်းလုပ်ငန်းများအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုစင်တာ (International Poverty Reduction Cooperation Center- IPRCC)နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် "ကျေးရွာအဆင့်ဆင်းရဲမှုလျှော့ချရေးစံပြစီမံကိန်း" (China-Aided Pilot Project of Poverty Reduction Cooperation in Myanmar) စီမံကိန်းကို မြန်မာနိုင်ငံရှိ မြို့နယ်များအနက် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာကို ၂၀၁၈ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

စီမံကိန်း၏ရည်ရွယ်ချက်မှာ ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရန်၊ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေရန်၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်း တိုးတက်မြင့်မားစေရန်၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရန်နှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အတွေ့အကြုံကောင်းများ မျှဝေဖလှယ်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည်။

စီမံကိန်းကာလအား သုံးနှစ်သတ်မှတ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စံပြကျေးရွာနှစ်ရွာအတွက် ထောက်ပံ့ငွေ ယွမ် ၃၃ ဒသမ ၃၃ သန်း (ခန့်မှန်း 5 million USD)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

အေးချမ်းသာစံပြကျေးရွာသည် ၁၉၉၈ ခုနှစ်တွင် ဆင်သေရေလှောင်တမံတည်ဆောက်ရာ ရေဝပ်ဧရိယာမလွတ်သည့် ဇောင်းလျားကုန်း၊ မယ်ဇလီကျင်း၊ သဖန်းချောင်း၊ ကန့်နီ၊ ဥသျှစ်ကုန်း၊ ကျီးအင်း၊ လယ်ဇပင်၊ စိန်ပန်းပင်၊ အိုင့်ကျယ်၊ ဘုတ်တောင်ကျေးရွာ ၁၀ ရွာအား တပ်ကုန်းမြို့၏ အနောက်ဘက် (၄/၄)မိုင်ကွာဝေးပြီး ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် အမြန်လမ်းတို့ဆက်သွယ်ထားသည့် ကွန်ကရစ်လမ်းဘေးရှိ ရွာဧရိယာ ၂၄၀ ဒသမ ၇၃ ဧကပေါ်တွင် ရပ်ကွက်ခြောက်ရပ်ကွက်ဖြင့်ဖွဲ့စည်း၍ အိမ်ခြေ ၅၄၀ စု၊ အိမ်ထောင်စု ၅၉၁ ဦး၊ လူဦးရေ ၂၃၄၆ ကို ရွှေ့ပြောင်းပေးထားသောကျေးရွာဖြစ်ပြီး နေထိုင်သူများမှာ မွေးမြူရေးကို အဓိကလုပ်ကိုင်သူများ ဖြစ်ပေသည်။

**စီမံကိန်း၏ရည်ရွယ်ချက်မှာ ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရန်၊ မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေရန်၊ ဒေသခံများ၏အသက်မွေးဝမ်းကျောင်း တိုးတက်မြင့်မားစေရန်၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရန်နှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အတွေ့အကြုံကောင်းများ မျှဝေဖလှယ်ရန် ရည်ရွယ်ဆောင်ရွက်. . .**

အေးချမ်းသာစံပြကျေးရွာကို အခြေခံအဆောက်အဦဖြစ်သည့် ကျေးရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း တစ်လမ်း၊ ရွာတွင်းလမ်းများ ရိုစာခင်းခြင်း တစ်လမ်း၊ ရေစီးရေလာကောင်းမွန်ရေး Box Culvert ၂၄ စင်း၊ ရေမြောင်းအဖုံးပြုလုပ်ခြင်း စသည်တို့ ဆောင်ရွက်ပေးခဲ့သည့်အတွက် ရာသီမရွေး သွားလာမှုအဆင်ပြေလျက်ရှိသည်။

ကျေးရွာသောက်သုံးရေအား စီမံကိန်းမဆောင်ရွက်မီ ကိုယ်ပိုင်တွင်းတိမ်များဖြင့်သုံးစွဲရာ၌ ရေတွင် ထုံးခဲတ်များပါရှိသဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိစေရေး ၂ မိုင်ခန့်ဝေးသော ဆင်သေဆည်မှ Pontoon နှင့် Pump တပ်ဆင်၍ အမြင့်တင်စနစ်ဖြင့် ကျေးရွာသို့ ရေတင်ပေးပို့ပြီး ဂါလန် ၂၀၀၀၀ ဆံ့ ရေစစ်ကန် တစ်ခု၊ ဂါလန် ၅၀၀၀ ဆံ့ ရေစင်နှစ်ခု၊ ရေစက်ရုံ တစ်ခု၊ အိမ်တိုင်ရာရောက် ရေပေးရေးအတွက် ရွာတွင်းလမ်းတိုင်းတွင် ရေဖြန့်ဝေပိုက်လိုင်း သွယ်တန်းပြီး အိမ်တိုင်ရာရောက် ရေမီတာ ၂၉၀ ခုကို တပ်ဆင်ပေးနိုင်ခဲ့ပြီး သန့်ရှင်းသောသောက်သုံးရေရရှိသုံးစွဲလျက်ရှိသည်။

မီးလင်းရေးအနေဖြင့် မူလက ကျေးရွာကိုယ်ထူကိုယ်ထစနစ်ဖြင့် လျှပ်စစ်မီးလိုင်းသွယ်တန်းခြင်းနှင့် 400 KVA Transformer တည်ဆောက်ခြင်းလုပ်ငန်းတို့အားဆောင်ရွက်ခဲ့ပြီး ၂၅၅ အိမ်သာလျှင် မီတာတပ်ဆင်သုံးစွဲခဲ့ရာ IPRCC စီမံကိန်းမှ စီးပွားရေးအရ လျှပ်စစ်မီးသွယ်တန်းနိုင်ခြင်းမရှိသည့် ၁၉၅ အိမ်အတွက် လျှပ်စစ်မီးရရှိစေရန် ၁၁ လိုင်းသွယ်တန်းခြင်း၊ 200 KVA Transformer တည်ဆောက်ခြင်း၊ 50 KVA Transformer တည်ဆောက်ခြင်း၊ ၄၀၀ ဗို့လိုင်း တိုးချဲ့တည်ဆောက်ပေးခဲ့ရာ လက်ရှိတွင် တစ်ရွာလုံး အိမ်သုံးမီတာ ၄၅၀ ခု တပ်ဆင်နိုင်ခဲ့သဖြင့် လူနေမှုအဆင့်အတန်းမြင့်မားလာပြီး လမ်းဆုံလမ်းခွနှင့် အများအထင်ကရနေရာများတွင်လည်း ဆိုလာလမ်းမီးတိုင် ၄၀ ခု တပ်ဆင်ပေးခဲ့သည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် လူထုဖွံ့ဖြိုးရေးစင်တာ တစ်လုံး၊ စာသင်ကျောင်းဆောင် တစ်လုံး၊ ဆရာ၊ ဆရာမအိပ်ဆောင် တစ်လုံး၊ ကျောင်းစာကြည့်တိုက် တစ်လုံး၊ ကျောင်းခြံစည်းရိုးတစ်ခု၊ ကျောင်းအားကစားကွင်းပြုပြင်ခြင်း၊ ကျေးရွာပိုင်အားကစားကွင်းတစ်ခု အဆင့်မြှင့်တင်ခြင်း၊ ကျေးရွာဆေးပေးခန်း တစ်လုံး၊ ကျောင်းအိမ်သာ လေးခန်းတွဲ နှစ်လုံး ဆောင်ရွက်ပေးခဲ့ပြီး ကျောင်းစားပွဲနှင့် ကုလားထိုင် ၂၀၆ စုံတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ကျေးရွာရှိကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားခွင့်ရရှိလျက်ရှိသည်။

စာမျက်နှာ ၂၅ သို့♦

♦စာမျက်နှာ ၂၄ မှအဆက်

မိသားစုဝင်ငွေတိုးပွားရေးအတွက် စံပြဝက်မွေးမြူရေးခြံတစ်ခြံတည်ဆောက်၍ လိုအပ်သော အရင်းအနှီးများထောက်ပံ့ခြင်း၊ စိုက်ပျိုးရေးအတွက် Home Garden တစ်ခြံ တည်ထောင်၍ ရာသီအလိုက် သီးနှံများနှင့် ပန်းများစိုက်ပျိုးခြင်း၊ အိမ်ထောင်စု ၇၆ စုတွင် မျိုးစေ့များပံ့ပိုး၍ အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်စိုက်ခင်းများ ဖော်ဆောင်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်များထောက်ပံ့၍ စံပြစိုက်ကွက် ၄၃ ဧက စိုက်ပျိုးဆောင်ရွက်ပေးသည့်အတွက် မီးဖိုချောင်သုံးစရိတ်များလျှော့ကျပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်၍ မိသားစုဝင်ငွေရရှိပြီး လူမှုစီးပွားဘဝမြှင့်တင်ပေးနိုင်ခဲ့သည်။

One Village၊ One Product ထုတ်လုပ်နိုင်ရေးအတွက် စက်ရက်ကန်းရုံ တစ်ရုံ၊ စက်ရက်ကန်းစင်လေးစင် တည်ထောင်ပေးခဲ့ပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်ဝန်ထမ်းများရရှိစေရေး သင်တန်းများပို့ချ၍ စွမ်းဆောင်ရည်မြှင့်တင်ခဲ့ပါသည်။

အလုပ်အကိုင်ရရှိပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် မွေးမြူရေးအနေဖြင့် စံပြဝက်ခြံတည်ဆောက်မွေးမြူခြင်း၊ ကျေးရွာရှိပြည်သူများ လိုအပ်သော အရင်းအနှီးရရှိစေရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ တည်ထောင်ပေးပြီး စိုက်ပျိုးမွေးမြူသူများအား အတိုးနှုန်းသက်သာစွာ စီမံဆောင်ရွက်ပေးလျက်ရှိခြင်း၊ အစုအဖွဲ့စနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းအား ငွေကျပ် ၁၅ သန်း ထပ်မံဆောင်ရွက်ပေးခဲ့သည်။

ကျေးရွာသန့်ရှင်းသာယာလှပရေးအတွက် အမှိုက်သိမ်းယာဉ်သုံးဘီးတစ်စီး၊ အမှိုက်စွန့်ပစ်ကျင်းနှင့် အမှိုက်ပုံးများဆောင်ရွက်ပေးခဲ့သည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အရေးကြီးသည့်ကဏ္ဍဖြစ်သည်နှင့်အညီ စွန့်ပစ်အမှိုက်များ စနစ်တကျစီမံခန့်ခွဲရန် အသိပညာပေးပြီး အပတ်စဉ်တနင်္ဂနွေနေ့တိုင်း စုပေါင်းအမှိုက်ကောက်ခြင်း၊ အမှိုက်သိမ်းဆည်းခြင်းတို့အား ဆောင်ရွက်လျက်ရှိသည်။

ကျေးရွာစိမ်းလန်းစိုပြည်သာယာလှပပြီး သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအတွက် စီမံကိန်းကာလအတွင်း ကျေးရွာပိုင် ထင်းစိုက်ခင်းပင် ၁၅၀၀၊ လမ်းဘေးဝဲယာအရိပ်ရပင် ၂၀၀၀ ပင်၊ ကျွန်းစိုက်ခင်းပင် ၂၀၀၀ တို့အား စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပပြီး နှစ်ရှည်အရိပ်ရပင် ၅၁၃ ပင်ကိုလည်း အများပိုင်မြေနေရာတွင် ထပ်မံစိုက်ပျိုးဆောင်ရွက်နိုင်ခဲ့သည်။

## ကျေးရွာကို စံပြကျေးရွာဖြစ်ပြီး နေချင်စဖွယ်ကျေးရွာလေးအဖြစ် ဖော်ဆောင်ရာတွင် ကျေးရွာ၏အခြေခံလိုအပ်ချက်များသာမက စဉ်ဆက်မပြတ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးရွာနေပြည်သူများ အလုပ်အကိုင်ရရှိပြီး မိသားစုဝင်ငွေတိုးပွားစေနိုင်သော တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းများလည်း ဆောင်ရွက်ပေးရန်လိုအပ်. . .

တပ်ကုန်းမြို့နယ် အေးချမ်းသာကျေးရွာအား ဘက်စုံဖွံ့ဖြိုးပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများဆောင်ရွက်၍ စံပြကျေးရွာအဖြစ် ကျေးရွာအဆင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစံပြစီမံကိန်း (IPRCC) ဆောင်ရွက်ခဲ့သည့်အပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်တော်များလာရောက်လေ့လာသုံးသပ်ခဲ့ပြီး အောင်မြင်မှုအတွက် မှတ်တမ်းတင်ဂုဏ်ပြုခဲ့သည့်နည်းတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေး ဂုဏ်ပြုဆုများ၊ စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာစံပြဆုများရရှိပြီး မှတ်တမ်းတင်နိုင်ခဲ့သည်။

အခြားကျေးရွာများအနေဖြင့်လည်း မိမိကျေးရွာကို စံပြကျေးရွာဖြစ်ပြီး နေချင်စဖွယ်ကျေးရွာလေးအဖြစ် ဖော်ဆောင်ရာတွင် ကျေးရွာ၏အခြေခံလိုအပ်ချက်များသာမက စဉ်ဆက်မပြတ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးရွာနေပြည်သူများ အလုပ်အကိုင်ရရှိပြီး မိသားစုဝင်ငွေတိုးပွားစေနိုင်သော တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများလည်း ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးရွာဥပမိရုပ်ကောင်းမွန်ရေး စဉ်းစားဆောင်ရွက်ရမည်သာမက ကျေးရွာနေ ပြည်သူလူထုများ အလုပ်အကိုင်ရရှိပြီး စွမ်းဆောင်ရည်မြင့်မားအောင် ဆောင်ရွက်၍ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရေး ကျရာအခန်းကဏ္ဍမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ။

---

ပွင့်ဖြူ၊ စီးပွားရေး

# ဖီးကြမ်းငှက်ပျောများ အရောင်းအဝယ်ကောင်းမွန်နေ



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသထွက် ဖီးကြမ်းငှက်ပျောများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာမှ ငှက်ပျောစိုက်ပျိုးတောင်သူ ဦးကျော်ဆန်းထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဖီးကြမ်းငှက်ပျော၊ ရခိုင်ငှက်ပျော၊ ငှက်ပျောချဉ်၊ သီးမွှေးငှက်ပျောများ ထွက်ရှိပြီး ဇူလိုင်လဆန်းပိုင်းကစတင်၍ အရောင်းအဝယ်ကောင်းမွန်လျက်ရှိခြင်းကြောင့် ငှက်ပျောစိုက်ပျိုးတောင်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်မှထွက်ရှိသည့် ငှက်ပျောသီးများတွင် ဖီးကြမ်းငှက်ပျောသည် ဈေးကွက်တွင် အရောင်းအဝယ်ကောင်းမွန်ကြောင်း၊ စိုက်ပျိုးရာတွင်လည်း ငှက်ပျောဈေးကွက်ကိုစောင့်ကြည့်ပြီး ယခုနှစ်မိုးရာသီတွင် တောင်သူများက ငှက်ပျောစိုက်ပျိုးရေးကို ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်း၊ ဖီးကြမ်းငှက်ပျောသည် ဈေးကွက်တွင် လူကြိုက်များပြီး အရောင်းသွက်ခြင်းကြောင့် ငှက်ပျောဈေးကွက် ပြန်လည်ကောင်းမွန်လာသည့်အတွက် စိုက်ပျိုးသည့်တောင်သူများအပြင် ဖောက်သည်ဝယ်ယူပြီး တစ်ဆင့်ပြန်ရောင်းသည့် ဈေးသည်များလည်း အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်သည် စိုက်ပျိုးရေအဆင်ပြေမှုကြောင့် ဒေသခံတောင်သူများက စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံး စီးပွားဖြစ်လုပ်ကိုင်ကြပြီး အဓိကစိုက်ပျိုးသည့် သီးနှံများမှာ စပါး၊ နှမ်း၊ ကုလားပဲ၊ ထောပတ်ပဲ၊ ပဲလွမ်း၊ ပဲကြီး၊ ပဲနောက်၊ ပဲတီစိမ်း၊ နေကြာ၊ မြေပဲသီးနှံနှင့် အခြားစားပင်သီးနှံမျိုးစုံတို့ကို စိုက်ပျိုးကြကြောင်း၊ အချို့တောင်သူများက သီးနှံဝင်ငွေ ပိုမိုရရှိစေရန် ဖီးကြမ်းငှက်ပျော၊ ငှက်ပျောချဉ်၊ သီးမွှေးငှက်ပျော၊ ရခိုင်ငှက်ပျောတို့ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

နေပြည်တော် ဇူလိုင် ၃၁

# ပင်လောင်းမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့်နေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO အဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မောင်းထုတ်ခဲ့သည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ




ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့်နေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO အဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မောင်းထုတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပင်လောင်းမြို့နယ်မှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO ပအိုဝ်းပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မောင်းထုတ်ခဲ့သည်ဆိုသည့်သတင်းမှာ ကောလာဟလသတင်းအမှားသာဖြစ်ကြောင်း၊ တပ်မတော်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား စနစ်တကျကူညီစောင့်ရှောက်မှုများ၊ ထောက်ပံ့မှုများအပါအဝင် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများကို လူသားချင်းစာနာစိတ်အပြည့်ဖြင့် ကူညီဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါသတင်းမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအကြားသွေးထိုးသပ်လျှိုနေသည့်သတင်းသာဖြစ်ကြောင်း သိရှိရသည်။

(၁၀၀)

နေပြည်တော် ဇူလိုင် ၃၁

# မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီး ၁ ဦးအပါအဝင် အရပ်သား ၉ ဦးသေဆုံးဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ




မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့ရှိ ရပ်ကွက်များအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လက်နက်ကြီး(၁၀)လုံးဖြင့်ပစ်ခတ်မှုကြောင့် သိမ်ဇရပ်ရွာလေးရပ်ကွက် (၇)လမ်းတွင်နေထိုင်သည့် ကိုယ်ဝန်လေးလလွယ်ထားရသည့်အမျိုးသမီး ၁ ဦးအပါအဝင် အရပ်သား ၉ ဦးသေဆုံးဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

၎င်းသတင်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျိုက်ထိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သမားများနှင့်လည်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှုမရှိကြောင်း၊ လက်နက်ကြီးဖြင့် ရပ်ကွက်များအတွင်း ပစ်ခတ်ခဲ့သည်ဆိုသည့် သတင်းမှာလည်း မှန်ကန်မှုမရှိကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်နှင့် ဒေသခံပြည်သူများ ထိတ်လန့်ကြောက်ရွံ့စေရန်ရည်ရွယ်ချက်များဖြင့် လူမှုကွန်ရက်တွင် မဟုတ်မမှန်သတင်းများ လှုံ့ဆော်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

၁-၈-၂၀၂၄


**နေရာကွက်၍ မိုးကြီးနိုင်**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

နေပြည်တော် ဇူလိုင် ၃၁

# တရားမဝင် ခဲသတ္တုများ၊ စက်သုံးဆီများ၊ ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ရေယာဉ်နှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ


ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၂၉ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၁)ဦး၏ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အိန္ဒိယနိုင်ငံထုတ်ဆေးဝါး Erythropoietin Injection IP (ထုံဆေး) (၄၅၂)ဘူး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၆၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ ပိုင်ရှင်မှစွန့်လွှတ်ကြောင်းတင်ပြလာသည့် အိန္ဒိယနိုင်ငံထုတ် Sterile Medicaldisposable Goods Dispovan (၁၀၀)ခု အပါအဝင် ကုန်ပစ္စည်း (၁၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၇၁၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၂၉ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ထိုင်းနိုင်ငံထုတ် Nestle Milo (၁၂၀၀)ထုပ်အပါအဝင် ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Zhong Tong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၃၀ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (၈၀)ဂါလန်၊ ဓာတ်ဆီ (၁၀၉)ဂါလန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၃၁ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းမြို့နယ်၊ ကရသူရီမြို့၊ ကော့ဗမာကျေးရွာအုပ်စု၊ ကြပ်မီးချောင်းအတွင်း၌ ရေယာဉ် (၁)စီးပေါ်မှ တရားမဝင်ခဲသတ္တု (၁၆၄ ဒသမ ၈)ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၄၄၀၀၀)နှင့် အဆိုပါခဲသတ္တုများတင်ဆောင်ထားသည့် MV-မဏိဇောတကမ်းထိုးရေယာဉ်(၁)စီးနှင့် ရေယာဉ်ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၃၂၈၅၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၂၂၉၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင်လ ၂၉ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၇၂၈၉၀၀၀)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

လွိုင်ကော် ဇူလိုင် ၃၁

# လွိုင်ကော်မြို့သို့ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ကြိုဆိုလက်ခံ၊ ထောက်ပံ့ငွေများပေးအပ်



၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၇ ရက်တွင် KNDF၊ KNPP၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာ၊ ဒေါဆန်းဘွန်းကျေးရွာ၊ ထူဒူင်သကျေးရွာတို့ရှိ ပြည်သူများအား ဆက်ကြေးကောက်ခံခြင်း၊ အစားအသောက်များ အတင်းအဓမ္မ ပို့ဆောင်ခိုင်းခြင်း၊ လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါကျေးရွာများရှိ ဒေသခံပြည်သူများသည် ဘေးလွတ်ရာလွိုင်ကော်မြို့ပေါ်သို့ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် နေရပ်စွန့်ခွာလာခဲ့ကြသည်။

အဆိုပါယာယီနေရပ်စွန့်ခွာအိမ်ထောင်စု ၂၃၀ စု၊ ပြည်သူ ၇၃၀ ဦးတို့အား သက်ဆိုင်ရာဌာန တာဝန်ရှိသူများက အိမ်ထောင်စုစာရင်းများ ကောက်ယူပြုစုခြင်း၊ အချက်အလက်များ မှတ်တမ်းတင်ခြင်း၊ နယ်မြေခံတပ်ရင်းများမှ ထမင်းထုပ်များဝေငှခြင်းများ ဆောင်ရွက်ခဲ့ပြီး ယာယီနေရပ်စွန့်ခွာနေရာများသို့ စနစ်တကျပို့ဆောင်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ မင်္ဂလာဂန္ဓာရုံစာသင်တိုက်သို့သွားရောက်၍ ပန်ကန်းကျေးရွာ၊ ရွာတန်းရှည်ကျေးရွာနှင့် ဒေါဆန်းဘွန်းကျေးရွာတို့မှ ယာယီနေရပ်စွန့်ခွာပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် ထောက်ပံ့ငွေများပေးအပ်ကာ ပြည်သူများ၏တင်ပြချက်များအပေါ်တွင် လိုအပ်သည်များကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ တောင်တန်းသာသနာပြုဗဟိုတပ်ဦးကျောင်းသို့ သွားရောက်ခဲ့ပြီး ပန်ကန်းကျေးရွာနှင့် ထူဒူင်သကျေးရွာတို့မှ ယာယီနေရပ်စွန့်ခွာပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားခဲ့ပြီး ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် ထောက်ပံ့ငွေပေးအပ်ကာ ပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ၎င်းနောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ယာယီနေရပ်စွန့်ခွာပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး နေရပ်စွန့်ခွာပြည်သူများ အဆင်ပြေစွာနေထိုင်နိုင်ရေး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

နေပြည်တော် ဇူလိုင် ၃၁

# ကတင်ကျေးရွာ မိုးကြိုဝါဆွတ်ခူးနေမှုနှင့် ဝါကြိတ်စက်များအား ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုစစ်ဆေး



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကတင်ကျေးရွာရှိ လင်းလင်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ၈၃ ဦး၏ ဝါစိုက်ဧက ၂၁၀ ၌ စိုက်ပျိုးထားသော B-31 မိုးကြိုဝါများ ခူးဆွတ်ရိတ်သိမ်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် အသင်းသားတောင်သူများနှင့်တွေ့ဆုံပြီး Grade A၊ Grade B အဆင့်မီဝါများရရှိနိုင်မှုနှင့် တစ်ဧကအထွက်နှုန်း၊ ဈေးကွက်ချိတ်ဆက်ရောင်းချနိုင်မှုအခြေအနေတို့ကို မေးမြန်းဆွေးနွေးသည်။

ကတင်ကျေးရွာ သမဝါယမဝါစိုက်ခင်း ဧက ၂၁၀ တွင် ဇူလိုင်လအတွင်း ဆွတ်ခူးရရှိမှုမှာ တစ်ဧကလျှင် ပိဿာ ၃၀၀ ကျော်ခန့် ရရှိထားပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ နှုန်း ရောင်းချရကြောင်း၊ လာမည့်ဩဂုတ်လ၌ ဆက်လက်ခူးဆွတ်ပြီးပါက တစ်ဧကအထွက်နှုန်း ပိဿာ ၆၀၀ ကျော်ခန့် ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်းသိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရမည်းသင်းမြို့ တိုးပွားကြီး ဝါကြိတ်စက်နှင့် ဆီစက်လုပ်ငန်းသို့သွားရောက်ပြီး မိုးကြိုဝါများ ဝယ်ယူရရှိမှု၊ ဝါကြိတ်ဝါဖိလုပ်ငန်းအတွက် ကူညီပံ့ပိုးပေးရမည့်အခြေအနေတို့ကိုလေ့လာမေးမြန်းရာ လက်ရှိအချိန်ထိ ဝါပိဿာချိန်ခြောက်သောင်းခန့် ဝယ်ယူရရှိပြီးဖြစ်ကြောင်းနှင့် Grade A၊ Grade B အဆင့်မီကြောင်း သိရှိရပြီး ဝါကြိတ်လုပ်ငန်းရှင်များအနေဖြင့် စံချိန်စံညွှန်းမီဝါများ ဝယ်ယူရရှိနိုင်ရေးအတွက် မိမိတို့တတ်နိုင်သည့်ဘက်မှ ဝါစိုက်တောင်သူများအား စည်းရုံးပညာပေးကြရန် မှာကြားသည်။

ယင်းနောက် ရမည်းသင်းမြို့ ငွေလှမြိုင်ဝါကြိတ်စက်ရုံသို့ သွားရောက်ကြည့်ရှုအားပေးပြီး မိုးကြိုဝါဝယ်ယူရရှိမှုအခြေအနေကို လေ့လာရာ Grade A၊ Grade B အဆင့်မီဝါပိဿာချိန် တစ်သိန်းခန့် ဝယ်ယူရရှိကြိတ်ခွဲနေပြီဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပျော်ဘွယ်မြို့ ဂျိုးဖြူ အီးအမ်ဘိုကာရှီ မြေဩဇာထုတ်လုပ်ရေးလုပ်ငန်းသို့ရောက်ရှိပြီး နွားချေး၊ ကြက်ချေးအခြေခံ အီးအမ်ဘိုကာရှီ မြေဩဇာ ၂၅ ကီလို (အမှုန့်) ထုတ်လုပ်နေမှုနှင့် Diamond Light အမှတ်တံဆိပ်ဖြင့် ကီလို ၅၀ သဘာဝမြေဩဇာ (အလုံး) ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးကာ သမဝါယမအသင်းစုများနှင့်ချိတ်ဆက်၍ စိုက်ပျိုးရေးတောင်သူများထံ ဖြန့်ဖြူးရောင်းချသွားနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် လုပ်ငန်းရှင် ဒေါက်တာမြတ်ဇံ၏ ဇီဝက မွေးမြူရေးလုပ်ငန်းအမျိုးမျိုးနှင့် အစာထုတ်လုပ်ဖြန့်ချိရေးစင်တာသို့ သွားရောက်၍ ကြက်ချေးအခြေခံ သဘာဝမြေဩဇာထုတ်လုပ်နေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

နေပြည်တော် ဇူလိုင် ၃၁

# ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေ (မူကြမ်း)၊ လျှောက်လွှာပုံစံများ(မူကြမ်း)တို့နှင့် စပ်လျဉ်းသည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဒေသဆိုင်ရာ အညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေ (မူကြမ်း)၊ လျှောက်လွှာပုံစံများ (မူကြမ်း) တို့နှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက စိုက်ပျိုးရေးထွက်ကုန်များ၊ ဒေသထွက်ကုန်များ၏ အရည်အသွေးမြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ရည်ရွယ်ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာအညွှန်းအကာအကွယ်ပေးခြင်းစနစ်သည် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံတို့က ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေ(မူကြမ်း)၊ လျှောက်လွှာပုံစံများ (မူကြမ်း)တို့နှင့်စပ်လျဉ်း၍ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များ တောင်းခံရရှိခဲ့မှု၊ ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြသည်။

အဆိုပါ ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေကို အတည်ပြုပြဋ္ဌာန်းကျင့်သုံးနိုင်ပါက မြန်မာနိုင်ငံအတွင်း ထွက်ရှိသော ဒေသထွက်ကုန်များဖြစ်သည့် ရွှေဘိုပေါ်ဆန်း၊ ရွာငံကော်ဖီ၊ ကျောက်ဆည်စိန်တစ်လုံး၊ ပုဂံယွန်းကဲ့သို့သောဒေသထွက်ကုန်များကို အရည်အသွေးပြည့်မီစွာ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်သည့် အခွင့်အလမ်းများရရှိနိုင်မည့်အပြင် ထုတ်ကုန်တန်ဖိုးတိုးမြှင့်ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

## နေပြည်တော် ဇူလိုင် ၃၁ မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။ (မိုး/ဇလ)

▶▶| ကျောဖုံးမှအဆက်

ရွှေ့ပြောင်းချယူစေခြင်းများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရန်နှင့် ပြတ်လပ်မှုမရှိစေရန်အတွက် သီလဝါဆိပ်ကမ်းဒေသရှိ သိုလှောင်ကန်စခန်းများ၌ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ဒုတိယပတ်ကုန်အထိ စက်သုံးဆီဖူလုံစွာသုံးစွဲနိုင်ရေး ကြိုတင်သိုလှောင်ဖြန့်ဖြူးလျက်ရှိပြီး ပြည်ပမှစက်သုံးဆီတင်သင်္ဘောများ စဉ်ဆက်မပြတ်ဝင်ရောက်ရန် စီမံကြီးကြပ် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် မကြာမီ စက်သုံးဆီပြတ်လပ်မည်ဆိုသည့် Online Media သတင်းများနှင့် ပြင်ပကောလာဟလသတင်းများကြောင့် စိုးရိမ်ကြောင့်ကြမှုဖြင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်း၊ ဈေးနှုန်းမြှင့်တင်၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်းတို့ကို မပြုလုပ်ကြပါရန်၊ သုံးစွဲရန်လိုအပ်သည့်ပမာဏကိုသာ ဝယ်ယူသုံးစွဲကြပါရန်၊ အရောင်းဆိုင်များကိုလည်း စက်သုံးဆီရှိလျက် ရောင်းချမပေးခြင်းမျိုးမပြုလုပ်ကြစေရေး စနစ်တကျစိစစ်ကြပ်မတ်လျက်ရှိပါကြောင်းနှင့် လက်ရှိအခြေအနေများအရ စက်သုံးဆီပြတ်လပ်နိုင်မှု မရှိနိုင်ကြောင်း သတင်းရရှိပါသည်။

(၁၀၀)




ဆိပ်ကမ်း၌ဆိုက်ကပ်ထားသည့် စက်သုံးဆီတင်သင်္ဘောတစ်စင်းကိုတွေ့ရစဉ်။

ပဲရစ်၊ ဘောလုံး

# ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ယူကရိန်း ယူ-၂၃ အသင်းကိုအနိုင်ရရှိပြီး အာဂျင်တီးနား ယူ-၂၃ အသင်း ကွာတားဖိုင်နယ်အဆင့်တက်ရောက်

ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (B) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် အာဂျင်တီးနား ယူ-၂၃ အသင်းနှင့် ယူကရိန်း ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်တီးနား ယူ-၂၃ အသင်းက ၂ ဂိုး - ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အနိုင်ရရှိမည့်အသင်းမှာ ကွာတားဖိုင်နယ်အဆင့် တက်ရောက်မည်ဖြစ်သည့်အတွက် အရေးပါသောကြောင့် အကြိတ်အနယ်ရှိခဲ့ကာ အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၇ မိနစ်တွင် အယ်မာဒါကလည်းကောင်း၊ ပွဲချိန် ၉၁ မိနစ်တွင် အီချီဗာရီကလည်းကောင်း သွင်းယူပေးနိုင်ခဲ့ပြီး အာဂျင်တီးနား ယူ-၂၃ အသင်းက အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အုပ်စု (B) အုပ်စုနောက်ဆုံးပွဲစဉ်များအပြီးတွင် မော်ရိုကို ယူ-၂၃ အသင်းက နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမနေရာ၌လည်းကောင်း၊ အာဂျင်တီးနား ယူ-၂၃ အသင်းက ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုဒုတိယနေရာ၌လည်းကောင်း ရပ်တည်ခဲ့ကြပြီး ကွာတားဖိုင်နယ်အဆင့်တွင် အာဂျင်တီးနား ယူ-၂၃ အသင်းက ပြင်သစ် ယူ-၂၃ အသင်းနှင့်လည်းကောင်း၊ မော်ရိုကို ယူ-၂၃ အသင်းက အမေရိကန် ယူ-၂၃ အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*



လန်ဒန်၊ ဘောလုံး

# ချယ်လ်ဆီးအသင်းကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက် အသင်းနှင့်ပြန်လည်ပူးပေါင်းပြီး ပြင်သစ်လူမျိုးအသင်းဖော်ကစားသမားများကို တောင်းပန်စကားပြောကြား

ချယ်လ်ဆီးအသင်းကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်သည် အသင်းနှင့် ပြန်လည်ပူးပေါင်းပြီးနောက် လူမျိုးရေးခွဲခြားမှုနှင့်ပတ်သက်၍ ပြင်သစ်လူမျိုးအသင်းဖော်ကစားသမားများနှင့် တွေ့ဆုံကာ တောင်းပန်စကားပြောကြားခဲ့ကြောင်း သိရသည်။

အန်ဇိုဖာနန်ဒက်သည် အာဂျင်တီးနားအသင်းနှင့်အတူ ၂၀၂၄ ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ပြီးနောက် ဘတ်စကားပေါ်၌ အာဂျင်တီးနားအသင်းကစားသမားများက ပြင်သစ်အသင်းမှ ကစားသမားများကို လူမျိုးရေးခွဲခြားသည့်သီချင်းဖြင့် အောင်ပွဲခံခဲ့သော ဗီဒီယိုဖိုင်ကို ၎င်း၏အင်စတာဂရမ်အကောင့်တွင် တင်ခဲ့ပြီးနောက် ခဏအကြာတွင် ပြန်လည်ဖျက်ခဲ့သော်လည်း လူမျိုးရေးခွဲခြားမှုကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

အဆိုပါဖြစ်ရပ်အပြီး အန်ဇိုဖာနန်ဒက်က ချယ်လ်ဆီးအသင်းနှင့် အသင်းမှ ပြင်သစ်လူမျိုးအသင်းဖော်ကစားသမားများကို တောင်းပန်စာပေးပို့ခဲ့သကဲ့သို့ အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင်လည်း ပြင်သစ်လူမျိုးအသင်းဖော်ကစားသမားများဖြစ်သည့် ဖိုဖာနာ၊ ဘာဒီယာရှီးလ်၊ ဂက်စ်တို၊ အူဂိုချူအာ၊ အန်ကွန်ကူတို့နှင့် တွေ့ဆုံကာ တောင်းပန်စကားပြောကြားခဲ့သကဲ့သို့ ၎င်း၏အပြစ်အတွက် လူမျိုးရေးခွဲခြားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းတစ်ခုခုသို့လည်း ငွေကြေးလှူဒါန်းမည်ဟု ကတိကဝတ်ပြုခဲ့သည်။

အန်ဇိုဖာနန်ဒက်အနေဖြင့် အသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့သော်လည်း လူမျိုးရေးခွဲခြားသည့်ဖြစ်ရပ်ကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ) က စုံစမ်းချက်တင်ထားကြောင်း သိရသည်။ *Ref;Dailymail*

ဘာစီလိုနာ၊ ဘောလုံး

# ဘာစီလိုနာအသင်းက ကစားသမားသစ်များခေါ်ယူရန်အတွက် ဒီဂျောင်းနှင့် ရာဖင်ဟာအပါအဝင် ကစားသမားရှစ်ဦးအထိ ရောင်းချရန်ပြင်ဆင်

ဘာစီလိုနာအသင်းက လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များခေါ်ယူရန်အတွက် အသင်းမှ ကွင်းလယ်ကစားသမား ဒီဂျောင်းနှင့် တောင်ပံကစားသမား ရာဖင်ဟာအပါအဝင် ကစားသမားရှစ်ဦးအထိ ရောင်းချရန်ပြင်ဆင်နေကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် စပိန်အသင်းနှင့်ယူရိုပြိုင်ပွဲ၌ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့် ဘီလ်ဘာအိုအသင်း လူငယ်တိုက်စစ်ကစားသမား နီကိုဝီလီယံအပါအဝင် ကစားသမားတချို့ကို ခေါ်ယူလိုသော်လည်း အသင်းဘဏ္ဍာရေးအကျပ်အတည်းကြောင့် ခေါ်ယူရန်ခက်ခဲနေသည့်အတွက် ဒီဂျောင်းနှင့် ရာဖင်ဟာအပါအဝင် ကစားသမားရှစ်ဦးအထိ ရောင်းချပြီး ပြောင်းရွှေ့ကြေးအသုံးစရိတ်ရှာဖွေရန် ပြင်ဆင်နေခြင်းဖြစ်သည်။



လက်ရှိတွင် ဘာစီလိုနာအသင်းသည် ဒီဂျောင်းကို မြင့်မားသည့်လုပ်ခလစာငွေပေးချေနေရသဖြင့် ၎င်းကိုရောင်းချမည်ဆိုပါက အသင်းလုပ်ခလစာငွေပေးချေမှုလျော့ကျသွားမည်ဖြစ်သည့်အတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် ဒီဂျောင်းကိုမဖြစ်မနေရောင်းချလိုသော်လည်း ၎င်းအနေဖြင့် ဒဏ်ရာရရှိနေသည့်အတွက် ရောင်းချရန်ခက်ခဲဖွယ်ရှိနေသည်။

အလားတူ ဘာစီလိုနာအသင်းက ရာဖင်ဟာကိုလည်း ဆော်ဒီထိပ်တန်းကလပ်အသင်းများထံ မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့် ရောင်းချလိုသော်လည်း ရာဖင်ဟာက အသင်းနှင့်လမ်းမခွဲလိုသောကြောင့် ဘာစီလိုနာအသင်းအတွက် ခက်ခဲဖွယ်ရှိနေသည်။

ဘာစီလိုနာအသင်းသည် ဒီဂျောင်းနှင့် ရာဖင်ဟာတို့အပြင် အာရှုဂျို၊ လင်းဂလတ်၊ မီကာယေဖေးနှင့် ဖာရန်တောရက်စ်တို့ကိုလည်း ရောင်းချမည့်ကစားသမားစာရင်းတွင်ထည့်သွင်းထားပြီး လိုက်ပဇစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနေသည့် ကွင်းလယ်ကစားသမားအိုလ်မိုကိုလည်း ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။ *Ref;The Athletic*

## နွေရာသီကစားသမား အပြောင်းအရွှေ့သတင်းတိုများ

- ➢ ဒေါ့မွန်အသင်းက ဘရိုက်တန်အသင်း ကစားသမားဂရော့စ်ကို ပြောင်းရွှေ့ကြေး ယူရို ခုနစ်သန်းဖြင့် ခေါ်ယူနိုင်ပြီးနောက် မန်စီးတီးအသင်းမှ ဂီရိုနာအသင်းထံ အငှားစာချုပ်ဖြင့်ကစားနေသည့် ယန်ကော်တိုကို ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် တရားဝင်ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။
- ➢ နယူးကာဆယ်အသင်းက ဘလက်ဘန်းအသင်း လူငယ်ကစားသမား ရှိုင်းဖင်နီယန်ကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ➢ နာပိုလီအသင်းတိုက်စစ်မှူး အိုဆီမန်၏ အေးဂျင့်ဖြစ်သူက ၎င်း၏ကစားသမားကိုခေါ်ယူရန် ချယ်လ်ဆီးအသင်းမှ ကမ်းလှမ်းမှုတစ်စုံတစ်ရာမရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။
- ➢ ရိုးမားအသင်းက ဂျူဗင်တပ်စ်အသင်းကစားသမားဆူလီကို ပြောင်းရွှေ့ကြေး ယူရို ၂၆ သန်းအပြင် အပိုဆုကြေးနှစ်သန်းဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။
- ➢ ပီအက်စ်ဂျီအသင်းက ဘင်ဖီကာအသင်း ကွင်းလယ်ကစားသမား ဂျာအိုနီဗက်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိပြီးနောက် မကြာမီ အတည်ပြုကြေညာမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅-၈-၂၀၂၄** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ကျခံသုံးစွဲ၍ တိုက်ကြီးမြို့နယ်မွေးမြူရေးဇုန်တွင် အသစ်တည်ဆောက်မည့် ဓာတ်အားခွဲရုံ ဓာတ်အားရရှိစေရေးအတွက် 33kV ကောင်းကင်ဓာတ်အားလိုင်း(၃. ၉)မိုင်ခန့် အသစ်တည်ဆောက်ခြင်းအား(ပစ္စည်း+လုပ်အားခ)ပုတ်ပြတ်(Turnkey)စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၁-၈-၂၀၂၄) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၁၆-၈-၂၀၂၄)(၁၄း၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ်-၀၁၂၂၀၈၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

### ပျောက်ဆုံးကြောင်း

ခိုင်မြတ်ဇင်(ဘ)ဦးမောင်သန်းချို ၁၁/ကတန(နိုင်)၁၇၂၉၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 962157)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၄၄၄၈၈၆၅**

### ပျောက်ဆုံးကြောင်း

စန္ဒာစိုး(ဘ)ဦးအောင်ရင် ၅/မကန(နိုင်)၀၆၁၉၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၉၉၉၄၁၅၇**

### ပျောက်ဆုံးကြောင်း

ဇင်မာဝေ(ဘ)ဦးအောင်ကျော်သန်း ၇/ဝမန(နိုင်)၁၇၅၂၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

အောင်လင်းဦး(ဘ)ဦးသန်းစိုး ၁၂/စခန(နိုင်)၀၈၄၅၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၊ ထူးချောင်းအုပ်စု၊ ပိတောက်ချောင်းရွာနေ စသက်ဦး(ဘ)ဦးသာမောင် ၁၄/ပတန(နိုင်)၁၇၅၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၈၆၆၆၄၄၆**

### ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ မောင်ထက်လင်းထွန်း(ဘ)ဦးထွန်းမောင် ၉/မကန(နိုင်)၀၈၈၅၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 046852)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၆၅၇၆၇၀၁**

### ပျောက်ဆုံးကြောင်း

မနှင်းနှင်းဝေ(ဘ)ဦးသန်းထွန်း ၁၀/မလမ(နိုင်)၂၈၀၄၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

---

## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ နိုင်ငံတော်ပိုင်မြေတွင်တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer (BOT) ပုံစံဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားလိုသည့် ကုမ္ပဏီများအား စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest-EOI) တင်ပြရန် ဖိတ်ခေါ်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer(BOT) ပုံစံဖြင့် နိုင်ငံတကာအဆင့်မီပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်၍ မျက်စိရောဂါကုသမှု၊ ကင်ဆာရောဂါကုသမှု၊ ဆီးနှင့်ကျောက်ကပ်ရောဂါကုသမှုနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု၊ အထွေထွေရောဂါအထူးကုသမှုစသည်တို့အား ဦးစားပေးဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေကာ ပြည်သူလူထုအတွက် လိုအပ်သောကျန်းမာရေးဝန်ဆောင်မှုများ အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါနိုင်ငံတော်ပိုင်မြေတွင် အထက်ဖော်ပြပါဦးစားပေးအထူးကုဘာသာရပ်များဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်းတည်ထောင်ဖွင့်လှစ်လိုသည့် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာအား ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနသို့ Hard copy/Soft copy (Word file) များဖြင့် (၂-၉-၂၀၂၄) ရက်နေ့၊ ညနေ (၄း၀၀)နာရီ နောက်ဆုံးထား၍ အဆိုပြုလျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာရယူရန်နှင့် ဆက်သွယ်ရန်လိပ်စာ**

ပုဂ္ဂလိက ကျန်းမာရေးဌာနခွဲ၊ ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်
ဆက်သွယ်ရန်ဖုန်း- ၀၆၇ ၃၄၁၁၀၆၉၊ ၀၆၇ ၃၄၁၁၆၃၀
Email-privatehealthdivision@gmail.com

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင်**
**ပုဂ္ဂလိကဆေးရုံများ တည်ထောင်ဖွင့်လှစ်နိုင်ရန်**
**အကောင်အထည်ဖော်ရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

မစိုးဇင်မာဦး(ဘ)ဦးမောင်မောင်အေး ၁၀/မလမ(နိုင်)၂၅၁၅၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

**အလိမ္မာစာမှာရှိ**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## စိုက်ပျိုးရေးဒီပလိုမာနှင့်မွေးမြူရေးဒီပလိုမာ ပထမနှစ်သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတက်ရောက်လိုသူများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား၊ သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ သာယာဝတီ၊ ထားဝယ်၊ ဟဲဟိုး၊ မြစ်ကြီးနား၊ ဒီးမော့ဆို၊ ဘားအံ၊ လုံပီး၊ ကျောက်တော်၊ ဟုမ္မလင်း)တို့တွင် လျှောက်ထားနိုင်ပြီး မွေးမြူရေးဒီပလိုမာသင်တန်းတက်ရောက်လိုသူများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား၊ ပုသိမ်ကြီး၊ ဟဲဟိုး၊ ပွင့်ဖြူ၊ သာယာဝတီ၊ သထုံ၊ မြစ်ကြီးနား၊ ဘားအံ၊ မြောင်းမြ)တို့တွင် လျှောက်ထားနိုင်သည်။

၂။ ဒီပလိုမာသင်တန်းများ၏သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာထူးချွန်စွာအောင်မြင်သူသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့လည်းကောင်း၊ မွေးမြူရေးဒီပလိုမာထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (B.A.Sc) သင်တန်းသို့လည်းကောင်း တက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) **စိုက်ပျိုးရေးဒီပလိုမာသင်တန်းကို** အခြေခံပညာအထက်တန်း KG+12 တက္ကသိုလ်ဝင်စာမေးပွဲကို **ဓာတုဗေဒ၊ ရူပဗေဒ** ဘာသာရပ်များပါဝင်သည့် မည်သည့်ဘာသာတွဲများဖြင့်ဖြစ်စေ အောင်မြင်သူများလျှောက်ထားနိုင်သည်။

(ဂ) **မွေးမြူရေးဒီပလိုမာသင်တန်းကို** အခြေခံပညာအထက်တန်း KG+12 တက္ကသိုလ်ဝင်စာမေးပွဲတွင် ဇီဝဗေဒဘာသာတွဲဖြင့်အောင်မြင်သူများလျှောက်ထားနိုင်သည်။

(ဃ) လျှောက်လွှာပိတ်ရက် (၁၀. ၉. ၂၀၂၄) ရက်နေ့တွင် အသက်(၂၂)နှစ်ထက်မကြီးသူဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများပူးတွဲတင်ပြရမည်။

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး ထောက်ခံချက်(မူရင်း)

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်း(မိတ္တူ)(ကျောင်းအပ်နှံသည့်အချိန်တွင် မူရင်းတင်ပြရမည်)

(ဂ) စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ရန် ကျန်းမာရေးကောင်းမွန်ကြောင်း ဆရာဝန်၏ထောက်ခံချက်

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း(သို့) ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)

(င) လျှောက်ထားသူနှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များနှင့် အိမ်ထောင်စုဇယား(မိတ္တူ)

(စ) လိုင်စင်ဓာတ်ပုံ(နောက်ခံအပြာရောင်ဖြင့်)(၅)ပုံ

၅။ လျှောက်လွှာများကို မိမိတက်ရောက်လိုသော စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံသို့ (၁၀. ၉. ၂၀၂၄)ရက်နေ့ထက် နောက်မကျစေဘဲ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျသောလျှောက်လွှာများ၊ မပြည့်စုံသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ဝင်ခွင့်လျှောက်လွှာများကို အထက်ဖော်ပြပါ နီးစပ်ရာစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံများတွင် အခမဲ့ရယူလျှောက်ထားနိုင်သည်။

၇။ တက်ရောက်ခွင့်ရရှိသူများနှင့် ကျောင်းဖွင့်လှစ်မည့်ရက်အား သက်ဆိုင်ရာစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းများမှ ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၀၅၈၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စိုက်ပျိုးရေးဒီပလိုမာနှင့်မွေးမြူရေးဒီပလိုမာဝင်ခွင့်လျှောက်လွှာ**

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| လျှောက်ထားသူ | မြန်မာ | | |
| | အင်္ဂလိပ် | | |
| ဖခင် | | | |
| မိခင် | | | |
| မိဘကွယ်လွန်ပြီးဖြစ်ပါကအုပ်ထိန်းသူ | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် -------------- ခုနှစ်၊ ---------------------------- လ၊ ----- ရက်

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ခုနှစ်/စာစစ်ဌာန ------------------ တိုင်းဒေသကြီး/ပြည်နယ်------------------------

၄။ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် ------------------------------------------------

၅။ လျှောက်ထားလိုသောဒီပလိုမာသင်တန်းအမည် ------------------------------------------------

၆။ တက်ရောက်လိုသောစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းအမည် ------------------------------------------

--------------------

(လျှောက်ထားသူလက်မှတ်)

ရက်စွဲ -------------------


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဥာဏ်ပြန်းအဝိုင်းအနီး၊ဇေယျာသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၀၊ ၀၆၇ ၃၄၃၅၁၈၂၊၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇ ၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
Fluoride
ပါဝင်သောကြောင့်
သွားများကို ဖြူဖွေး
တောက်ပစေပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
ISO 9001:2008 Cert. No.683099
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

❖ “ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်” ဆိုသည့်အတိုင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားအားလုံး၏ အားပေးထောက်ခံမှုနှင့် တပ်မတော်နှင့်ပြည်သူ တစ်သားတည်းရပ်တည်မှုတို့သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အခြေခံပံ့ပိုးမှုတစ်ရပ်ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ ကြည်ဖြူစွာလက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ပြည်ပမှစက်သုံးဆီများ ပုံမှန်တင်သွင်းသိုလှောင်ဖြန့်ဖြူးလျက်ရှိသဖြင့် ပြတ်လပ်မှုမရှိနိုင်

**နေပြည်တော် ဇူလိုင် ၃၁**

ဇူလိုင်လလယ်ခန့်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းပြီး ဒေသအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေခြင်းကြောင့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများဆောင်ရွက်နေသည့် သီလဝါဆိပ်ကမ်းဒေသရှိ Terminal များ၏ ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများအနည်းငယ်နှောင့်နှေးကြန့်ကြာခြင်း၊ သယ်ယူပို့ဆောင်ရာတွင်လည်း လမ်းခရီးအခြေအနေများအရ အချို့ဒေသများသို့ ဆီတင်ယာဉ်ရောက်ရှိရန် အချိန်အနည်းငယ်ကြန့်ကြာခြင်းတို့ကြောင့် အရောင်းဆိုင်အချို့တွင် ဆီတင်ယာဉ်မရောက်မီ စက်သုံးဆီအမယ်အချို့ ယာယီပြတ်လပ်မှုမဖြစ်ပေါ်စေရေး စနစ်တကျစိစစ်ထိန်းသိမ်းရောင်းချစေလျက်ရှိသည့်အပြင် လိုအပ်ပါက Urgent အစီအစဉ်ဖြင့် ဖြည့်တင်းပေးခြင်း၊ ရေကြီးရေလျှံမှုကြောင့် ယာယီပိတ်သိမ်းထားသောအရောင်းဆိုင်များသို့ပေးပို့နေသည့် စက်သုံးဆီများအား လိုအပ်သည့်အရောင်းဆိုင်များသို့

စာမျက်နှာ ၂၇ ကော်လံ ၁ ⏭



ဆိပ်ကမ်း၌ဆိုက်ကပ်ထားသည့် စက်သုံးဆီတင်သင်္ဘောတစ်စင်းကိုတွေ့ရစဉ်။

## အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ASEAN Smoke Free Award) မြန်မာနိုင်ငံမှ လက်ခံရရှိ

စာ - ၁၂ သို့

၃၁-၇-၂၀၂၄

### မှတ်သားဖွယ်ရာမိုးရေချိန်များ

| | | | | |
|---|---|---|---|---|
| ကျောက်ဖြူ | ၅ | ဒသမ | ၀၈ | လက်မ |
| အမ်း | ၄ | ဒသမ | ၈၈ | လက်မ |
| နေပြည်တော် (ဇေယျာသီရိ) | ၄ | ဒသမ | ၇၃ | လက်မ |
| ကျုံပျော် | ၃ | ဒသမ | ၉၈ | လက်မ |
| ပေါင် | ၃ | ဒသမ | ၆၂ | လက်မ |
| ကော့ကရိတ် | ၃ | ဒသမ | ၆၂ | လက်မ |
| ကျိုက္ကမီ | ၃ | ဒသမ | ၃၅ | လက်မ |
| စစ်တွေ | ၃ | ဒသမ | ၃၁ | လက်မ |
| နေပြည်တော် (ဇမ္ဗူသီရိ) | ၃ | ဒသမ | ၂၃ | လက်မ |

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဇမ္ဗူလသသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း
ပုသိမ်သူ G & G Store ဆိုင်များ
Online
Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော်
— တောင်ကြီး
— မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
— ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
— ပုဂံ (ညောင်ဦး) - ပခုက္ကူ
— မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
— မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
— တောင်ငူ - ဆွာ - ရေနီ
— ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု